# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၃) ရက် ၊ သောကြာနေ့ ၊ (30-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ

**နေပြည်တော် ဇွန် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများရှင်းလင်းပြသခြင်းအခမ်းအနားကို

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



**ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။**






ရတနာပုံ
၂၀၁၂ ခုနှစ် ဇွန် ၂၀ ရက်
အယ်ဒီတာ့အာဘော်

# အားမာန်အပြည့်ဆောင် သဘာဝဘေးဒဏ် ပြန်လည်ထူထောင်

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မုန်တိုင်းစဲချိန်မှပင်စ၍ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြရာ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် မုန်တိုင်းကြားမှ ပွင့်လာသော မိုးဆန်းပန်းသဖွယ် ရှင်လန်းဖွယ်ရာဖြစ်ခဲ့ကြရသည်။ ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်နီ၊ ငါးခြောက်ကြော်၊ ငါးသေတ္တာ စသည့် စားသောက်ဖွယ်ရာပစ္စည်းများအပါအဝင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိသည်မှာ မွန်မြတ်သော ကရုဏာကို မြင်တွေ့ကြရခြင်းပင်ဖြစ်သည်။ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ဇွန် ၂၇ ရက်အထိထောက်ပံ့ရေးပစ္စည်း ၅၃၉ ဒသမ ၆ တန်ရှိပြီဖြစ်ရာ တပ်မတော်၏ ကြီးမားသောမေတ္တာထုကို ဖော်ပြနေသည်ဟုပင် ဆိုနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ နေ့စဉ် စားသောက်ရေးအဆင်ပြေစေရန်၊ မိမိတို့အလိုရှိရာ စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးနေပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ တပ်မတော်မှတာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ ရောင်းချပေးလျက်ရှိသည်မှာ လိုအပ်နေချိန်တွင် လိုအပ်နေသူများအတွက် လိုအပ်သည့်အခြေခံစားသောက်ကုန်ပစ္စည်းများ ရရှိစေနိုင်ပြီဖြစ်ရာ ကျေနပ်ဝမ်းမြောက်ဖွယ်ဖြစ်သည်။ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များမှ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်မှာလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တစ်စတစ်စ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ပေးနေသည်မှာလည်း သဘာဝဘေးဒဏ်သင့် ပြည်သူများကို စိတ်သက်သာရာရပြီး စိတ်ခွန်အားများ ပြန်လည်တိုးပွားလာစေမည်ဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်ပေရာ အရေးကြုံတိုင်း မဆိုင်းမတွ ပြည်သူ့အကျိုးကိုသယ်ပိုးသည့် တပ်မတော်၏စေတနာကို ခံယူနိုင်မည်ဖြစ်သလို တစ်ဦးဆောင်သော်မရ တစ်သောင်းဆောင်သော်ရ၏ဟူသောစကားရပ်နှင့်အညီ သဘာဝဘေးဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူတို့ စိတ်အားထက်သန်စွာ ဆောင်ရွက်နေကြခြင်းကို လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း စားတော်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၄၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇွန် ၂၆**

မန္တလေး ဈေးကွက်အတွင်း စားတော်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၄၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ စားတော်ပဲများကို ရန်ကုန်၊ လားရှိုးနှင့် မန္တလေးမြို့ရှိ ကုန်သည်များက အဝယ်များပြားလျက်ရှိကြောင်း၊ စားတော်ပဲမှာ ယခင်က အရောင်းအဝယ်အေးခဲ့သော်လည်း လက်ရှိတွင် အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုအခါ စားတော်ပဲတွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေတယ်။ ပြည်ပနိုင်ငံက ဒီထက်ပိုပြီး ဝယ်ယူမှုများလာရင်တော့ မန္တလေးဈေးကွက်မှာ အခုဈေးထက်ကို ဈေးကောင်းပိုရနိုင်တယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇွန်လ ပထမပတ်က စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇွန် ၂၈ ရက်တွင် စားတော်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၄၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလတ်တလော ပြည်တွင်းဈေးကွက်မှာ စားတော်ပဲအရောင်းအဝယ်ဖြစ်နေတယ်။ ပြည်ပကိုတင်ပို့မှုနဲ့စာရင် ပြည်တွင်းဈေးကွက်ကိုပဲအားထားပြီး လက်လီ၊ လက်ကားရောင်းနေရတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်း မျိုးစိုက်ထည့်




**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက မျိုးစိုက်ထည့်ခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်း တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းတို့ပူးပေါင်းပြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လက်ပံပင်ဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း စိုက်ထည့်ပေးခဲ့ကြောင်း၊ စိုက်ထည့်ပေးခဲ့သည့် ငါးမျိုးများမှာ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ လေးသိန်းနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းတို့ကို စိုက်ထည့်ခဲ့ကြောင်း၊ ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများမှ ဝန်ထမ်းများ၊ အခြား ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်း နှစ်ခုကနေပြီးတော့ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ဧရာဝတီမြစ်အတွင်း မျိုးစိုက်ထည့်ပေးပါတယ်။ ငါးအမျိုးအစား သုံးမျိုးကို စိုက်ထည့်ပေးတာပါ။ သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေသုံးသိန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းက ငါးသားပေါက် ကောင်ရေလေးသိန်းကို စိုက်ထည့်ပေးခဲ့ပါတယ်။ နှစ်စဉ်စခန်းအလိုက် ခွဲတမ်းကျ ငါးမျိုးစိုက်ထည့် လွှတ်ပေးတာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇွန် ၂၆**

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ် အေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံး မော်ဒယ်ဘီးများပါ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၃၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

တစ်ပတ်ရစ် ဆိုင်ကယ်ဈေးကွက်တွင် အော်တိုဂီယာ တရုတ်ဘီးများနှင့် Click၊ FZ ဘီးများ ရောင်းချလိုမှုများရှိနေပြီး ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့်ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး၊ 125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ယခုတစ်ပတ် မန္တလေးကားဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်ဖြစ်ခဲ့သည့် မီနီထရပ်(ခွေးဘီလူး)ကားများ အရောင်းအဝယ်အေးသွားကာ နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများတွင် ငွေကျပ် သိန်း ၂၀ မှ သိန်း ၃၀ ခန့်ထိ ဈေးမြင့်သွားကြောင်း သိရသည်။

၆၆၀ စီစီပစ်ကပ်မီနီထရပ်(ခွေးဘီလူး)ကားများအနက် ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀ ခန့်၊ Auto ငွေကျပ် ၁၄၅ သိန်းခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit၊ Honda Insight၊ Nissan March စသည့် ကားလေးများ အနည်းငယ် အရောင်းအဝယ်ဖြစ်နေကြောင်း၊နံပါတ်ထွက်ပြီးသားကားဟောင်းများမှ Honda Fit၊Toyota Vitz၊Suzuki Swift စသည့် ကားများလည်း အရောင်းအဝယ်ရှိနေကြောင်း၊ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ် သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၂၀ ခန့်တွင် ဈေးငြိမ်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-မန္တလေး-မန်စီ-မန္တလေး-ရန်ကုန်ခရီးစဉ်ကို စတင်ပျံသန်းပြေးဆွဲ



**မန္တလေး ဇွန် ၂၉**

မြန်မာအမျိုးသားလေကြောင်းလိုင်းက နိုင်ငံတကာခရီးစဉ်သစ်ဖြစ်သည့် ရန်ကုန်-မန္တလေး-မန်စီ-မန္တလေး-ရန်ကုန်ခရီးစဉ်ကို ယနေ့ နေ့လယ်မှစ၍ စတင်ပျံသန်းပြေးဆွဲခဲ့ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း၏ စီးပွားရေးအရာရှိချုပ် ဦးနိုင်စောလင်းက ပြောပြသည်။

အဆိုပါ မြန်မာအမျိုးသားလေကြောင်းက ရန်ကုန်-မန္တလေး-မန်စီ-မန္တလေး-ရန်ကုန်ခရီးစဉ်ကို ယနေ့မှစတင်ပြီး အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် Boeing 737-800 NG လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာအမျိုးသားလေကြောင်းလိုင်းအနေနဲ့ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်းမှာ မြန်မာနိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေ၊ မိမိတို့နေထိုင်ရာဒေသကို ပြန်လည်ရောက်ရှိနိုင်စေဖို့ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်တွေကို Relief Flight နဲ့ နိုင်ငံအတွင်းလိုအပ်နေတဲ့ ကျန်းမာရေးနဲ့ စားဝတ်နေရေးဆိုင်ရာပစ္စည်းတွေကို Cargo Flight တွေနဲ့ ပျံသန်းပြေးဆွဲပေးခဲ့ပါတယ်။ ယခုအချိန်မှာတော့ ပြည်တွင်း၊ ပြည်ပခရီးစဉ်တွေကို ပုံမှန်အတိုင်းပြန်လည် ပျံသန်းနေပြီဖြစ်တဲ့အပြင် Website နှင့် Mobile Application ကတစ်ဆင့် Online Check-in ပြုလုပ်တဲ့ ဝန်ဆောင်မှုတွေနဲ့ လေဆိပ်အတွင်း လေယာဉ်မထွက်ခွာမီ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေကို လိုက်လံကူညီပေးတဲ့ Mingalaber Service ဝန်ဆောင်မှုတွေလဲ ရရှိနေပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ ခရီးစဉ်သစ်တွေကို တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားဖို့ ရှိပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ခရီးစဉ်များအတိုင်း ပြေးဆွဲပေးသွားမည့် လေယာဉ်အချိန်များသည် ရန်ကုန်လေဆိပ်မှ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ ခွဲမှ စတင်ထွက်ခွာကာ မန္တလေးမြို့သို့ မွန်းလွဲ ၁ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးလေဆိပ်မှ မွန်းလွဲ ၂ နာရီခွဲတွင် ထွက်ခွာကာ မန်စီလေဆိပ်သို့ တရုတ်ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန်စီလေဆိပ်မှ တရုတ်ဒေသစံတော်ချိန် ည ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာကာ မန္တလေးလေဆိပ်သို့ မြန်မာစံတော်ချိန်ည ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးလေဆိပ်မှ မြန်မာစံတော်ချိန် ည ၇နာရီတွင် ထွက်ခွာကာ ရန်ကုန်လေဆိပ်သို့ မြန်မာစံတော်ချိန် ည ၈ နာရီတွင် ဆိုက်ရောက်မည် ဖြစ်ကြောင်း၊ လက်မှတ်နှုန်းထားများအနေဖြင့် ယွမ် ၄၀၀ သတ်မှတ်ထားသော်လည်း လိုက်ပါစီးနင်းသည့် ခရီးသည် အနည်းအများအပေါ် မူတည်ပြီး ကောက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၄၆ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၄၆ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၄၆ ဧက စိုက်ပျိုးရန် လျာထားပြီး ဇူလိုင်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်းများစိုက်ပျိုးရာတွင် ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြှောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ ပြောင်းသီးနှံများ အထွက်နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်းပြောင်းများဖြစ်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ လပွတ္တာမြို့နယ်အတွင်း ဖူးစားပြောင်း ဧက ၁၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ ဖူးစားပြောင်းတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးထားပါတယ်။ ဖူးစားပြောင်းတွေရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့အတွက် စိုက်ပျိုးနည်းစနစ်နဲ့အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်သည့်ဌာနများက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်ထံမှသိရသည်။ **ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**နတ်မောက် ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကြက်လျှာကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်း အဖွဲ့ဖွဲ့စည်းခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

# အမ်းမြို့နယ် ကြက်ရေစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**အမ်း ဇွန် ၂၉**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ပိန်းရေစမ်းကျေးရွာနှင့် ကြက်ရေစမ်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂၈ ရက် မွန်းလွဲပိုင်းက ကြက်ရေစမ်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်း ပြောကြားသည်။

ဆက်လက်၍ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိန်းရေစမ်းနှင့် ကြက်ရေစမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် သိန်း ၁၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၀၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၄ ဦးကို ငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသန်း**



# မြန်မာအမျိုးသမီးများနေ့နှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

နှစ်စဉ် ဇူလိုင် ၃ ရက်ကို **“မြန်မာအမျိုးသမီးများနေ့”** အဖြစ်သတ်မှတ်ကာ မြန်မာအမျိုးသမီးများ၏ဂုဏ်ရည်ကို မြှင့်တင်ပေးလျက်ရှိသည့်အပြင် အမျိုးသမီးများ၏ အခွင့်အရေးများကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည်။

ဇူလိုင် ၃ ရက်သည် **“မြန်မာအမျိုးသမီးများနေ့”** ဟု ဖြစ်ပေါ်လာရခြင်းမှာ မတ် ၈ ရက် **“အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့”** ကြောင့်ပင်တည်း။

(၁) **“ကမ္ဘာ့နိုင်ငံများရှိ အမျိုးသမီးများက နိုင်ငံတကာအမျိုးသမီးလှုပ်ရှားမှုများ ပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူအခွင့်အရေးများရရှိနိုင်ရန်၊**

(၂) **တန်းတူရည်တူဆက်ဆံခွင့်ရရှိနိုင်ရန်နှင့်**

(၃) **အမျိုးသမီးများ၏ စွမ်းပကား တောင်းဆိုလှုံ့ဆော်စည်းရုံးမှုများပြုလုပ်ရန်”**ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် **“ကမ္ဘာ့အမျိုးသမီးညီလာခံများ”**ကို ကျင်းပခဲ့ကြသည်။

ကျင်းပခဲ့ကြသည့်နိုင်ငံများမှာ ၁၉၇၅ ခုနှစ် မက္ကဆီကိုနိုင်ငံ၊ ၁၉၈၀ ပြည့်နှစ် ဒိန်းမတ်နိုင်ငံ(ကိုပင်ဟေဂင်မြို့)၊ ၁၉၈၅ ခုနှစ် ကင်ညာနိုင်ငံ(နိုင်ရိုဘီမြို့)၊ ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ပေကျင်းမြို့)၊ ၂၀၁၄ ခုနှစ် အင်္ဂလန်နိုင်ငံနှင့် ၂၀၁၅ ခုနှစ် ချီလီနိုင်ငံတို့တွင်ဖြစ်ကြသည်။

ထိုသို့ **“ကမ္ဘာ့အမျိုးသမီးညီလာခံများ”** ကျင်းပခဲ့ရခြင်း၏အကြောင်းရင်းကလည်း ရှိခဲ့သည်။ ၁၉၁၁ ခုနှစ် မတ်လက ရုရှားနိုင်ငံရှိ စက်ရုံမီးလောင်မှုကြောင့် အမျိုးသမီး ၁၄၆ ဦး မီးလောင်သေဆုံးခဲ့ရာ အမျိုးသမီးများ အုံကြွလှုပ်ရှားအရေးဆိုလာခဲ့ကြသည်။ ထို့ကြောင့် **“မတ် ၈ ရက်”** ကို **“အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့”** အဖြစ် သတ်မှတ်ပေးခဲ့ပြီး အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများတွင်ပါဝင်သည့် “လူတိုင်း ကျား၊ မ မရွေး၊ နိုင်ငံကြီး၊ ငယ် မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူအခွင့်အရေးရရှိရေးတို့ကို ဂရုပြုရန်”ဟူသောစာတမ်းကြောင့် “ကမ္ဘာ့အမျိုးသမီးညီလာခံများ”ကို အခါအားလျော်စွာ ကျင်းပခဲ့ကြရသည်။

ထိုသို့ကျင်းပခဲ့ကြသည့် ညီလာခံများအနက် ၁၉၉၅ ခုနှစ် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက **“ပေကျင်းကြေညာစာတမ်း”** (Beijing Decelearation) ပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင် “အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရားဖွဲ့စည်းပြီး ဆောင်ရွက်သင့်သည့်ကဏ္ဍအပါအဝင် ကဏ္ဍကြီး ၁၂ ရပ်ပါဝင်ခဲ့ရာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် **“မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ”** (Myanmar National Committee on Women's Affairs-MNCWA) ကို ဖွဲ့စည်းခဲ့သည်။ “မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ”စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကိုပင် **“မြန်မာအမျိုးသမီးများနေ့”** ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီဖွဲ့စည်းပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ထိ အဆင့်ဆင့် ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။ ယခုဆိုလျှင် ၂၇ နှစ်ခရီးသို့ ရောက်ခဲ့လေပြီ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ရာတွင် ရည်ရွယ်ချက်ခုနစ်ချက် ချမှတ်ထားရာ-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(၄) တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်။

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဟူ၍ဖြစ်သည်။

❖ နိုင်ငံတကာတွင် အကြမ်းဖက်ခံကြရသော အမျိုးသမီးများကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကောင်းမွန်လာစေရေးအတွက် အားလုံးက ဘက်ပေါင်းစုံမှ ကူညီစောင့်ရှောက်ပေးကြရာတွင် အဆင့်ငါးဆင့် သတ်မှတ်ထားသည်။ ထိုအဆင့်ငါးဆင့်မှာ အကြမ်းဖက်မှုကြောင့်ဖြစ်နိုင်သောလက္ခဏာများကို သတိပြုမိခြင်း၊ ကနဦးကူညီမှုများပေးခြင်း၊ ဆေးကုသစောင့်ရှောက်မှုရရှိနိုင်ရန်ကူညီခြင်း၊ တရားဥပဒေအရ ကူညီစောင့်ရှောက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးတို့ဖြစ်ကြသည်။ ❖

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အာဆီယံအမျိုးသမီးရေးရာကော်မတီ (Asean Committee on Women-ACW) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးတွဲပေါင်းစည်း၍ ချမှတ်ထားသောရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအဆက်ဆက် စဉ်ဆက်မပြတ်လှုပ်ရှားခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ ၁၀ နှစ် စီမံကိန်း (၂၀၁၃-၂၀၂၂) ကို ချမှတ်ကာ စီမံကိန်းပါလုပ်ငန်းစဉ်များကို အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လှုံ့ဆော်သမှုပြုခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များအရ အမျိုးသမီးများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အကြမ်းဖက်မှုကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ်ရေး လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ရည်ရွယ်ချက်ခုနစ်ချက်အနက် ပဉ္စမအချက်ဖြစ်သော **“အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်”**ဟူသော ရည်ရွယ်ချက်ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဇောင်းပေး၍ လုပ်ရှားနေကြသည်။

ဤနေရာတွင် **“ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ”** က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်ထိ နေပြည်တော်၌ ကျင်းပခဲ့သော **“အမျိုးသမီးညီလာခံ”** တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အစုအဖွဲ့များက စာတမ်းများဖတ်ကြားဆွေးနွေးခဲ့ကြသည်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

စာတမ်းအမျိုးအစားလေးမျိုး တင်သွင်းဆွေးနွေးခဲ့ကြရာတွင်- **“အမျိုးသမီးများ၏ ဘဝ လုံခြုံမှု၊ ငြိမ်းချမ်းသာယာမှုနှင့်လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးစာတမ်း”**လည်း ပါဝင်ခဲ့ပါသည်။ ထိုစာတမ်းတွင် **“အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေး”**ဆွေးနွေးချက်များပါဝင်ခဲ့ပါသည်။

**အမျိုးသမီးများကို အကြမ်းဖက်မှု**

**“အမျိုးသမီးများအား အကြမ်းဖက်ခြင်းဆိုသည်မှာ ဆိတ်ကွယ်ရာ၌ဖြစ်စေ၊ အများပြည်သူရှေ့၌ဖြစ်စေ အမျိုးသမီးများအား ရုပ်ပိုင်းအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအရသော်လည်းကောင်း ထိခိုက်နာကျင်ဆောင်ရွက်သောလုပ်ရပ်”**ဟု ကုလသမဂ္ဂက ဖွင့်ဆိုထားသည်။

အမျိုးသမီးများကို အကြမ်းဖက်မှုပပျောက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ၁၆ ရက်တာလှုပ်ရှားမှုကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

၁၉၆၀ ပြည့်နှစ်က ဒိုမီနီကန်နိုင်ငံတွင် ဒိုမီနီကန်လျှို့ဝှက်ရဲများ၏ သတ်ဖြတ်မှုကိုခံခဲ့ရသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ညီအစ်မသုံးဦးအသတ်ခံခဲ့ရသည့် နိုဝင်ဘာ ၂၅ ရက်ကို အကြောင်းပြုလှုပ်ရှားခဲ့ရာမှ နှစ်စဉ် ထိုနေ့ နိုဝင်ဘာ ၂၅ ရက်ကို **“အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့”**အဖြစ်သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်က **“အကြမ်းဖက်မှုပပျောက်ရေး၊ အမျိုးသမီးများအသံနားထောင်ပေး”** ဟူသောဆောင်ပုဒ်ကို ထုတ်ပြန်ကာ လှုပ်ရှားခဲ့ကြသည်။

နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အတွင်းကာလသည် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုကာလဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအတွင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့(နိုဝင်ဘာ ၂၅ ရက်)၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနေ့ (နိုဝင်ဘာ ၂၉ ရက်)၊ ကမ္ဘာ့ AIDS နေ့ (ဒီဇင်ဘာ ၁ ရက်)၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့(ဒီဇင်ဘာ ၃ ရက်)၊ မွန်ထရီမြို့လူသတ်ပွဲနှစ်ပတ်လည်နေ့(ဒီဇင်ဘာ ၆ ရက်)နှင့် ကမ္ဘာ့လူ့အခွင့်အရေးနေ့(ဒီဇင်ဘာ ၁၀ ရက်)တို့ပါဝင်နေလေရာ ၁၆ ရက်တာလှုပ်ရှားမှုအတွက် အလေးအနက်ထားနေကြသည်မှာ အမျိုးသမီးထုအတွက်အားတက်ဖွယ်ကောင်းလှသည်။

နိုင်ငံတကာတွင် အကြမ်းဖက်ခံကြရသော အမျိုးသမီးများကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကောင်းမွန်လာစေရေးအတွက် အားလုံးက ဘက်ပေါင်းစုံမှ ကူညီစောင့်ရှောက်ပေးကြရာတွင် အဆင့်ငါးဆင့်သတ်မှတ်ထားသည်။

ထိုအဆင့်ငါးဆင့်မှာ အကြမ်းဖက်မှုကြောင့်ဖြစ်နိုင်သော လက္ခဏာများကို သတိပြုမိခြင်း၊ ကနဦးကူညီမှုများပေးခြင်း၊ ဆေးကုသစောင့်ရှောက်မှုရရှိနိုင်ရန်ကူညီခြင်း၊ တရားဥပဒေအရ ကူညီစောင့်ရှောက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးတို့ဖြစ်ကြသည်။

**နိုင်ငံတကာအကြမ်းဖက်မှုများနှင့် မြန်မာနိုင်ငံ**

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသမီးများအနိုင်ကျင့်အကြမ်းဖက်အနှိပ်စက်ခံရမှုများ၊ အဓမ္မပြုကျင့်ခံရမှုများ၊ လိင်ကျွန်ပြည့်တန်ဆာပြုလုပ်ခံရမှုများ၊ လူကုန်ကူးခံရမှုများကား လျော့နည်းမသွားဘဲ တိုးပွား၍ပင် အဖြစ်များနေကြသည်။

၂၀၂၃ ခုနှစ်တွင် ကုလသမဂ္ဂက ထုတ်ပြန်ချက်အရ မိန်းကလေးများညဘက်ထွက်လျှင် ကြောက်စရာအကောင်းဆုံးမြို့မှာ **“အင်ဒိုနီးရှား”**ရှိ **“ဂျကာတာမြို့”** ဖြစ်ကြောင်း၊ ဟွန်ဒူးရပ်နိုင်ငံရှိ အမျိုးသမီးများအကြမ်းဖက်ခံရမှုမှာ ၂၀ ရာခိုင်နှုန်းရှိသည်ဟု ထိတ်လန့်ချောက်ချားဖွယ်အခြေအနေကို ကြေညာထားကြောင်း၊ ကမ္ဘာပေါ်တွင် အမျိုးသမီးများအခွင့်အရေးအဆုံးရှုံးဆုံးသောနိုင်ငံများထဲတွင် **“တူရကီနိုင်ငံ”**ပါဝင်ကြောင်း၊ နိုင်ငံပေါင်း ၁၃၆ နိုင်ငံထဲတွင် အဆင့် ၁၂၀ မျှ ရှိကြောင်း၊ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းမှာပင် အမျိုးသမီးဦးရေ ၂၈၀၀၀ အသတ်ခံရကြောင်း သတင်းများအရ သိရသည်။

လူဦးရေများပြားလှသည့် အိန္ဒိယနိုင်ငံတွင် အမျိုးသမီးငယ်လေးများ လိုင်းကားများပေါ် လူမြင်ကွင်းများတွင် ပေါ်တင်ကြီး ဖြောင်ကျကျ အနိုင်ကျင့်အစော်ကားခံကြရ၊ မင်းမဲ့စရိုက်ဆန်ဆန် အုပ်စုလိုက်မုဒိမ်းကျင့်ယုတ်မာစွာရက်ရက်စက်စက်ပြုကျင့်ခံကြရ၊ ထို့ကြောင့် နာကြည်းခံပြင်းနေကြသောလူထုကြီးက အုံကြွဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဩစတြေးလျနိုင်ငံတွင် နေ့စဉ်နှင့်အမျှ တက္ကသိုလ်ကျောင်းသူ ခြောက်ဦးခန့် မုဒိမ်းစော်ကားမှုဒဏ်ကို ခံနေကြရသည့်သတင်းကို ဖတ်ရှုရသဖြင့် ရင်နင့်အံ့အားသင့်သွားခဲ့ရသည်။

**အိမ်တွင်းအကြမ်းဖက်မှု**

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများရှိ အမျိုးသမီးများထဲမှ သုံးဦးတွင် တစ်ဦးသည် အကြမ်းဖက်မှုဒဏ်ကိုခံနေရသည်။ **“အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုအတွင်းရေးအရှုပ်အထွေးပြဿနာများ(လင်ယောကျ်ားများက မိန်းမယားများကို နှိပ်စက်ညှဉ်းပန်းမှုများ)နှင့် အိမ်ရှင်များက အိမ်ဖော်များကို နှိပ်စက်ညှဉ်းပန်းမှုများ”**ပင် ဖြစ်ကြသည်။

နိုင်ငံပေါင်း ၈၁ နိုင်ငံတွင် လေ့လာချက်အရ အာရှတိုက်မှအမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှုဒဏ်ကို အများဆုံးခံစားနေကြရပြီး ထိုအထဲမှ အရှေ့တောင်အာရှသည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများထက် အိမ်တွင်းအကြမ်းဖက်မှုဒဏ်ခံရသူ ပိုမိုများပြားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်၊ အရှေ့တီမော၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် အိမ်တွင်းအကြမ်းဖက်မှု ၃၇ ဒသမ ၇ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ၃၇ ရာခိုင်နှုန်း၊ အာဖရိက ဆာဟာရအောက်ပိုင်းနိုင်ငံများတွင် ၃၆ ဒသမ ၆ ရာခိုင်နှုန်း၊ ချမ်းသာသောမြောက်အမေရိက၊ ဥရောပသမဂ္ဂနိုင်ငံများ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့တွင် ၂၃ ဒသမ ၂ ရာခိုင်နှုန်း စသည်ဖြင့်အိမ်တွင်းအကြမ်းဖက်မှုမျိုးစုံကို ခံစားနေကြရသည်။

ကမ္ဘာ့အရပ်ရပ်မှာရော မြန်မာနိုင်ငံမှာပါ အမျိုး

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇွန်လအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု ခွင့်ပြုပေးခဲ့

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇွန်လအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု ခွင့်ပြုပေးခဲ့ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခုမှ အလုပ်အကိုင်အခွင့်အလမ်း ၄၀၀၀ ခန့်ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။



ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇွန်လအတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းအမျိုးအစားများမှာ CMP စနစ်ဖြင့် အဝတ်အထည်လုပ်ငန်း၊ အိပ်ရာခင်းအမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်း၊ ဖိနပ်အမျိုးမျိုးချုပ်လုပ်သည့်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုးထုတ်လုပ်တင်ပို့ ရောင်းချသည့် လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန် ၂၇ ရက်မှာကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၆/၂၀၂၃)ကနေ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခုကို ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ အတည်ပြုပေးလိုက်တဲ့လုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုမတည်ငွေပမာဏက အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၁၄ သန်းဖြစ်ပြီး ပြည်တွင်းမှာ အလုပ်အကိုင် ၄၀၀၀ လောက် ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးလိုက်တဲ့လုပ်ငန်းတွေထဲမှာ ဆောက်လုပ်ရေးသုံးပစ္စည်း လုပ်ငန်းတွေကလွဲပြီး ကျန်တဲ့ အဝတ်အထည်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းနဲ့အိပ်ရာခင်းအမျိုးမျိုးထုတ်လုပ်တဲ့လုပ်ငန်းတွေဟာ CMP စနစ်နဲ့ဆောင်ရွက်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်"ဟု ဦးညီညီမင်းက ပြောပြသည်။

အဆိုပါ ဇွန်လ တစ်လတာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင် လည်ပတ်လျက်ရှိသည့်လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်းတို့လည်း ရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ ASH

# မိုးတွင်းကာလ တောင်သူဘဝ

- ဝသန်ကာလ ရောက်ရချိန်ခါ
မြစ်ချောင်းတောင်တန်း တင့်ဆန်းမြင်သာလာ
မိုးဦးကျရွာ လယ်ယာထွန်ကောင်း
ဖား၊ ပုရစ်သံ ဆူဆူညံ
ချိန်မှန်အော်ဟစ် မိုးတောင်းသည်နှင့်လေး။

- စိုက်ခင်းရေလောင်း မြက်ပေါင်းရှင်းပျော်
ပျိုးပင်ငယ်များ ဖွံ့ထွားငွားငွားပေါ်
မောင်မယ်နှစ်ဖော် မိုးမျှော်လင့်ရင်း
ပီတိဝေဖြာ ရွှင်ပြုံးစွာ
လယ်ယာတစ်လျှောက် တက်ဆင်းသည်နှင့်လေး။

- မောင်မယ်စိုက်ခင်း ပိုးကင်းအောင်ကွယ်
မြေဩဇာကောင်း ထပ်လောင်းဆေးဖျန်းမယ်
အဖူးပွင့်ကြွယ် သီးတွယ်ခိုင်မြဲ
ဖူးပွင့်ဝေဆိုင် အသီးမြိုင်
သည်းစိုင်စိတ်က အားခဲသည်နှင့်လေး။

- သဒ္ဒါပိုကဲ ရင်ထဲမှာထင်
ကုသိုလ်ကောင်းမှု ပေါင်းစုလှူဒါန်းချင်
သီးနှံပေါ်လျှင် ငွေဝင်များပြား
ရည်စူးနိဗ္ဗာန် လှူဒါန်းပြန်
ရည်သန်စိတ်ထား ပွားများသည်နှင့်လေး။

- နေပူမနား လုပ်အားစွမ်းနိုင်
မည်းမှောင်အသား ဖွံ့ထွားကြံ့ခိုင်
ဘယ်ခါမပိုင် စိတ်ယိုင်အတွေး
တစ်နေကုန်ပင် လယ်ထဲတွင်
နေ့စဉ်ကြိုးစား ချွေးသွေးသည်နှင့်လေး။

- မနေးလိုအလျင် ခုတ်ထွင်ရှင်းပေ့ါအတည်။
အပြေးကိုပင် အလုပ်ခွင်ဆင်းတော့သည်။ ။

**ရျာန်လေး(ပညာရေး)**

# သရက်မြို့နယ် မုံဇလီကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**သရက် ဇွန် ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုံဇလီကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇွန် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မုံဇလီကျေးရွာ၌ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Slab culvert တည်ဆောက်ခြင်းကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။

သရက်မြို့နယ် မုံဇလီကျေးရွာ၌ အရှည် ၁ ဒသမ ၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အလျား ၁၈ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ခြောက်ပေရှိ Slab culvert တစ်စင်းတည်ဆောက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်းဖြင့် ယခုနှစ် ဇွန် ၁၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

**စင်မာ**

➤ စာမျက်နှာ ၄ မှအဆက်

သမီးများကို မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ လိင်ကျေးကျွန်ပြုမှု၊ လူကုန်ကူးမှုရှိနေရာ သက်ဆိုင်ရာနိုင်ငံများအလိုက် အမျိုးသမီးများကို အကာအကွယ်ပေးနိုင်သောဥပဒေများကို ဘာသာရေး၊ ဓလေ့ထုံးစံအရ ပြဋ္ဌာန်းဆောင်ရွက်နေကြသည်။ သို့သော် မြန်မာနိုင်ငံက အခြားနိုင်ငံများထက် ကာကွယ်ပေးနိုင်သောဥပဒေများ ပြဋ္ဌာန်းထားသည်။

လက်လှမ်းမီသမျှ ကောက်နုတ်ဖော်ပြရလျှင် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြစ်ကြသော-

(၁) မုဒိမ်းမှု ပုဒ်မ-၃၇၆
(၂) ဓမ္မတာနှင့်ဆန့်ကျင်ပြီးကျူးလွန်မှု ပုဒ်မ-၃၇၇
(၃) သွေးဆောင်ဖြားယောင်းခိုးယူပေါင်းသင်းမှု ပုဒ်မ-၃၆၃/၃၆၅/ ၃၆၆
(၄) အဆိပ်၊ ထိုင်းမှိုင်းစေသောဆေးခတ်မှု ပုဒ်မ-၃၂၈
(၅) ကာမလိမ်လည်မှု ပုဒ်မ-၄၁၇
(၆) နာကျင်စေမှု ပုဒ်မ-၃၁၉/၃၂၀/၃၂၃/၃၂၄/၃၂၅/၃၂၆
(၇) ကာယိန္ဒြေဖျက်ဆီးမှု ပုဒ်မ-၃၅၄
(၈) အသရေဖျက်မှု ပုဒ်မ-၅၀၀
(၉) ခြိမ်းခြောက်မှု ပုဒ်မ-၅၀၃/၅၀၆/၅၀၇ စသည့် ပုဒ်မများဖြစ်သည်။

ထို့ပြင် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃ ကိုလည်း ပြဋ္ဌာန်းထားသည်။ မုဒိမ်းမှုပုဒ်မ-၃၇၆(ခ)အရ မိမိ၏ဇနီးမယားအလိုမတူဘဲ အတင်းအဓမ္မပြုကျင့်သော ခင်ပွန်းကို ယခင်ကထောင်ဒဏ်နှစ်နှစ်သာချမှတ်ရန် ပြဋ္ဌာန်းထားသော်လည်း ယခု ထောင်ဒဏ်နှစ် ၂၀ သို့လည်းကောင်း၊ သက်ငယ်မုဒိမ်းမှုကိုလည်း ထောင်ဒဏ် နှစ် ၂၀ သို့လည်းကောင်း တိုးမြှင့်ပြဋ္ဌာန်းသတ်မှတ်ထားသည်။

အမျိုးသမီးများကို အကြမ်းဖက်မှုများမှကာကွယ်ရေးအတွက် ဥပဒေပုဒ်မမြောက်မြားစွာ ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း အချို့အမျိုးသမီးများသည် မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်မြင်လို့မှ မသင့်လျော်သော ဝတ်စားဆင်ယင်မှုများ၊ ယိုသူမရှက် မြင်သူရှက်စရာကောင်းလှသော လူရှိုင်းဆန်ဆန်၊ ကျောက်ခေတ်လူသားဆန်ဆန် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်ပြုမူလုပ်ရှားနေကြသည်။ မြန်မာလူမျိုးမှန်လျှင် အရှိုးကို အရွက်မဖုံးစေဘဲ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ မြန်မာပီသကြရန်လိုသည်။ အန္တရာယ်များကို မြှူဆွယ်ဖိတ်ခေါ်မှုများကို ရှောင်ကြဉ်ကြစေချင်သည်။

အချုပ်ဆိုရလျှင် **"မြန်မာအမျိုးသမီးများနေ့"**တွင် မြန်မာအမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စာပေရေးရာအဖြာဖြာ၌ သမိုင်းစဉ်ဆက် မျက်နှာပန်းလှခဲ့ကြသော အစဉ်အလာကောင်းများကို ဆက်လက်ထိန်းကျောင်းမြှင့်တင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယ၌ ဘာသာရေးအခမ်းအနားသုံးလူဆွဲရထား မီးလောင်မှုကြောင့် ခြောက်ဦးသေဆုံး

**ဒေလီ ဇွန် ၂၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း တြိပူရပြည်နယ် ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းက ဇွန် ၂၈ ရက်တွင် ပြုလုပ်ခဲ့သော ဘာသာရေးစီတန်းလှည့်လည်ပွဲတွင် လူဆွဲရထားတစ်စီး မီးလောင်ကျွမ်းခဲ့ရာ အနည်းဆုံး ခြောက်ဦးသေဆုံး၍ ၁၀ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဟိန္ဒူနတ်မင်းရုပ်တုတင်ဆောင်ထားသော အဆိုပါရထားလှည်းကို ပွဲတော်လာပရိသတ်များက လူအားဖြင့်ဆွဲယူလာစဉ် ဗို့အားမြင့်ဓာတ်ကြိုးနှင့် ဝင်တိုက်ခဲ့ပြီးနောက် မီးလောင်ကျွမ်းခဲ့ရခြင်းဖြစ်သည်။

မီးလောင်ကျွမ်းခဲ့ရသော နတ်မင်းရုပ်တုတင်ရထားယာဉ်မှာ အမြင့် ၄၅ပေထိ ရှိကြောင်း သိရသည်။

လူဆွဲရထားလှည်းမီးလောင်မှုကြောင့် ၁၀ ဦး မီးလောင်ဒဏ်ရာများရခဲ့ရာ အချို့မှာဒဏ်ရာပြင်းထန်ကြောင်း တြိပူရပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘာသာရေးစီတန်းလှည့်လည်ပွဲ လူဆွဲရထားယာဉ် မီးလောင်မှုသည် တြိပူရမြို့တော်နှင့် ၇၅မိုင်ခန့်အကွာ ကူမာဟက်ဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်ကလည်း အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ ဘာသာရေးစီတန်းလှည့်လည်ပွဲလူဆွဲရထားတစ်စီးဓာတ်ကြိုးနှင့်ဝင်တိုက်မှုကြောင့် မီးလောင်ခဲ့ရာ လူပေါင်း ၁၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ KKO



## ဆော်ဒီရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအနီး အပြန်အလှန် ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွား

**ရီယာ့ဒ် ဇွန် ၂၉**

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါးမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအနီး ဆော်ဒီအာရေဗျလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်အမျိုးသားတစ်ဦးတို့ကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာ သတင်းဌာနက ဇွန် ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

ဇွန် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါအပြန်အလှန်ပစ်ခတ်မှုအတွင်း သေနတ်သမားအမျိုးသားနှင့်ဆော်ဒီအာရေဗျလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရကြောင်း အမေရိကန်ကောင်စစ်ဝန်ရုံးက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် ကောင်စစ်ဝန်ရုံးအနီးရပ်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ အမျိုးသားတစ်ဦး သေနတ်ကိုင်ဆောင်လာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစစ်ဆေးရန် ကြိုးစားရာမှတစ်ဆင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

အဆိုပါအပြန်အလှန်ပစ်ခတ်မှုအတွင်း ကောင်စစ်ဝန်ရုံးပုဂ္ဂလိကလုံခြုံရေးအဖြစ် တာဝန်ယူထားသော နီပေါလူမျိုးတစ်ဦးသေဆုံးခဲ့ရသည်။

အမေရိကန် ကောင်စစ်ဝန်ရုံးအနီး အပြန်အလှန်ပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဆော်ဒီအာရေဗျ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

၂၀၁၆ ခုနှစ်ကလည်း ဂျက်ဒါးမြို့ ကောင်စစ်ဝန်ရုံးအနီး ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အသေခံဗုံးခွဲသမားသေဆုံး၍ လူနှစ်ဦး ဒဏ်ရာများရခဲ့ကြောင်း သိရသည်။ KKO

## အရပ်ဘက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး စဉ်းစားသုံးသပ်ရန် တရုတ်နှင့်အမေရိကန်နိုင်ငံတို့ သဘောတူ



**နယူးယောက် ဇွန် ၂၉**

ပြည်သူများကြား ထိတွေ့မှုမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံကြား အရပ်ဘက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေးအတွက် စဉ်းစားသုံးသပ်ရန် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က သဘောတူထားကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

နှစ်နိုင်ငံကြား အရပ်ဘက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေးအတွက် စဉ်းစားသုံးသပ်ရန် တရုတ်နှင့် အမေရိကန်တာဝန်ရှိသူများက သဘောတူထားမှုကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှဆိုင်ရာထိပ်တန်းသံတမန် ဒန်နီယယ်ခရစ်တန်ဘရင့်ခ်က ဇူလိုင် ၂၈ ရက်တွင် အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးမတိုင်မီကာလက တရုတ်နှင့်အမေရိကန်နိုင်ငံတို့ကြားတွင် ရက်သတ္တပတ်လျှင်လေကြောင်းခရီးစဉ် ၃၅၀ ခန့်ထိရှိခဲ့ဖူးသည်။

လက်ရှိအချိန်တွင် တရုတ်နှင့်အမေရိကန်နိုင်ငံတို့ကြား ပျံသန်းနေသော လေကြောင်းခရီးစဉ်အရေအတွက်မှာ ရက်သတ္တပတ်လျှင် ၂၄ ခုသာရှိနေကြောင်း ခရစ်တန်ဘရင့်ခ်၏ အဆိုအရသိရသည်။

သို့သော် တရုတ်နှင့်အမေရိကန်နိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံကြား အရပ်ဘက်လေကြောင်းခရီးစဉ်များ ပျံသန်းမှုတိုးချဲ့ရေးအတွက် စဉ်းစားရန်သဘောတူထားကြောင်း ခရစ်တန်ဘရင့်ခ်က ပြောကြားခဲ့သည်။

အဆိုပါ သဘောတူညီချက်ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ပြင်သစ်နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲများဖြစ်ပွားနေစဉ် အကျပ်အတည်းကာလအစည်းအဝေး သမ္မတမက်ခရွန် ခေါ်ယူ

**ပဲရစ် ဇွန် ၂၉**

ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် မြောက်အာဖရိက နွယ်ဖွားတစ်ဦး သေဆုံးခဲ့ရမှုကို အကြောင်းပြု၍ ပြင်သစ်နိုင်ငံတစ်ဝန်း၌ ဆန္ဒပြပွဲများဖြစ်ပွားနေစဉ် ပြင်သစ်သမ္မတမက်ခရွန်က ထိပ်တန်းဝန်ကြီးများနှင့်အတူယနေ့တွင်အကျပ်အတည်းကာလ အစည်းအဝေးခေါ်ယူကျင်းပခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံတစ်ဝန်း၌ဇွန် ၂၈ ရက်ညပိုင်းတွင် မငြိမ်သက်မှုများ ဒုတိယမြောက် ညအဖြစ်ဆက်လက်ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၅၀ကို ဖမ်းဆီးထားကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်က ပြောကြားခဲ့သည်။

ယာဉ်ကိုတားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိခဲ့သည့် မြောက်အာဖရိကနွယ်ဖွား ၁၇နှစ်ရှိ လူငယ်တစ်ဦးမှာ ပြင်သစ်ရဲတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် ဇွန် ၂၇ ရက်တွင် သေဆုံးခဲ့ရသည်။

ယင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများ ပြင်သစ်နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

သို့သော် ပြင်သစ်သမ္မတ မက်ခရွန်သည် ယနေ့တွင်ထိပ်တန်းဝန်ကြီးများနှင့်အတူ အကျပ်အတည်းကာလ အစိုးရအဖွဲ့အစည်းအဝေး ခေါ်ယူခဲ့ရကြောင်း ပြင်သစ်သမ္မတနန်းတော်ကသတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများကို ထိန်းသိမ်းရေးအတွက် ပဲရစ်မြို့တော် ဧရိယာအတွင်း ရဲတပ်ဖွဲ့ဝင် ဦးရေ ၂၀၀၀ ဖြန့်ကြက်ထားသည်ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## ဒုံးကျည်တင်တိုက်ရေယာဉ်တစ်စီးကို အိန္ဒိယနိုင်ငံက ဗီယက်နမ်နိုင်ငံသို့ လက်ဆောင်အဖြစ် ပေးအပ်

**ဒေလီ ဇွန် ၂၉**

အိန္ဒိယရေတပ်၌ လက်ရှိစစ်ရေးတာဝန် ထမ်းဆောင်ဆဲ ဒုံးကျည်တင် တိုက်ရေယာဉ်တစ်စီးကို အိန္ဒိယနိုင်ငံက ဗီယက်နမ်နိုင်ငံသို့ လက်ဆောင်အဖြစ် ပေးအပ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိုင်အင်န်အက်စ်ကာပင်အမည်ရှိ အဆိုပါတိုက်ရေယာဉ်သည် လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံသို့ ဦးတည်နေပြီဖြစ်ကြောင်း အိန္ဒိယရေတပ်က သတင်းထုတ်ပြန်ထားသည်။

အိုင်အင်န်အက်စ်ကာပင်တိုက်ရေယာဉ်သည် ဗီယက်နမ်သို့သွားရောက်ရေးအတွက် ဇွန် ၂၈ ရက်တွင် အိန္ဒိယ အရှေ့ဘက်ကမ်းရိုးတန်းဒေသမှ ထွက်ခွာသွားကြောင်း အိန္ဒိယရေတပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် အခြားသောနိုင်ငံတစ်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် စစ်သင်္ဘောတစ်စီး လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ ဩဇာအရှိန်အဝါကြီးမားလာမှုနှင့်ပတ်သက်၍ စိတ်မသက်မသာ ဖြစ်နေသော ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့သည် မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံကာကွယ်ရေး ဆက်ဆံမှုကို မြှင့်တင်လာခဲ့ကြသည်။



အိုင်အင်န်အက်စ်ကာပင် စစ်ရေယာဉ်သည် အိန္ဒိယပြည်တွင်း၌ တည်ဆောက်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် အိန္ဒိယရေတပ်၌ တပ်တော်ဝင်ခဲ့သော စစ်ရေယာဉ်ဖြစ်သည်။

အဆိုပါ တိုက်ရေယာဉ်အား လက်ဆောင်ပေးမည့်အစီအစဉ်ကို ဗီယက်နမ် ကာကွယ်ရေးဝန်ကြီး၏ ယခုလအစောပိုင်း အိန္ဒိယခရီးစဉ်အတွင်း အိန္ဒိယရေတပ်က ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းအနားစွန်းရှိ အော့တိမ်တိုက် ခေါ် အာကာသနယ်မြေအတွင်း ဂြိုဟ်တစ်စင်း ပုန်းခိုတည်ရှိနေနိုင်



**ဝါရှင်တန် ဇွန် ၂၆**

နေအဖွဲ့အစည်းအနားစွန်းရှိ အော့တိမ်တိုက် (Oort Cloud) ခေါ် အာကာသနယ်မြေအတွင်း ဂြိုဟ်တစ်စင်းပုန်းခိုတည်ရှိနေနိုင်ကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

ပလူတိုဂြိုဟ်၏အလွန် ကီလိုမီတာ ဘီလီယံရာပေါင်းများစွာ အကွာတွင် နယ်နိမိတ်စတင်သော အော့တိမ်တိုက်နယ်မြေကို ကြယ်တံခွန်များ၏နယ်မြေအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

သို့ရာတွင် အော့တိမ်တိုက်အတွင်း နေအဖွဲ့အစည်းပြင်ပမှ ဝင်ရောက်လာသည့် ရောမရေခဲဂြိုဟ်ကြီးတစ်စင်း တည်ရှိနေနိုင်ကြောင်း အမေရိကန်နိုင်ငံ ဂြိုဟ်များဆိုင်ရာ အင်စတီကျူမှ သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

ကွန်ပျူတာစံပြပုံစံ ဖန်တီးလေ့လာမှုများအရ အခြားနေအဖွဲ့အစည်းတစ်ခုမှ လွတ်ထွက်လာသည့်ဂြိုဟ်တစ်စင်းကို အခြားနေအဖွဲ့အစည်းတစ်ခုက ဖမ်းယူထားနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

နေအဖွဲ့အစည်း၏ အော့တိမ်တိုက်နယ်မြေအတွင်း၌ အခြားနေအဖွဲ့အစည်းတစ်ခုမှ ဂြိုဟ်တစ်စင်းတည်ရှိနိုင်ခြေမှာ မိမိတို့၏တွက်ချက်မှုအရ အပုံ ၂၀၀ ပုံ တစ်ပုံထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အကယ်၍ အော့တိမ်တိုက်နယ်မြေအတွင်း ဂြိုဟ်တစ်စင်းတည်ရှိနေမည်ဆိုပါက ၎င်းဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်းမှ ပေါ်ထွက်လာသော ဂြိုဟ်မဖြစ်နိုင်ဘဲ အခြားနေအဖွဲ့အစည်းတစ်ခုမှ ဝင်ရောက်လာသည့် ဂြိုဟ်ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## နာဆာက လာမည့် ၁၀ နှစ်အတွင်း လကမ္ဘာပေါ်မှ သယံဇာတအရင်းအမြစ်များကို တူးဖော်ရယူရန်ကြိုးပမ်းမည်

**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အနေဖြင့် လာမည့် ၁၀ နှစ်အတွင်း လကမ္ဘာပေါ်မှ သယံဇာတအရင်းအမြစ်များကို တူးဖော်ရယူရန်ကြိုးပမ်းမည်ဖြစ်ကြောင်း Reuters သတင်းဌာနက ဇွန် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့အနေဖြင့် လာမည့် ၁၀ နှစ်အတွင်း လမျက်နှာပြင်ပေါ်၌ အောက်ဆီဂျင်နှင့်ရေကိုထုတ်ယူရန် ကြိုးစားမည်ဖြစ်ပြီး နောက်ပိုင်းတွင် သံနှင့်မြေရှားသတ္တုများကိုပါ တူးဖော်ရှာဖွေဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် အားတီးမစ်မစ်ရှင်များဖြင့် ၂၀၂၅ ခုနှစ်အရောက်တွင် လကမ္ဘာပေါ်သို့ လူသားများကို ပြန်လည်စေလွှတ်ရန် စီစဉ်ထားသည်။



ထို့ပြင် ၂၀၃၂ ခုနှစ်အရောက်တွင် လမျက်နှာပြင်ပေါ်၌ အတိုင်းအဆကျယ်ပြန့်သည့် လမြေစာတူးဖော်မှုစီမံကိန်းကိုစတင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် လကမ္ဘာပေါ်၌ သယံဇာတများတူးဖော်ရေးအတွက် စူးစမ်းရှာဖွေရေးအဆင့်တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လမျက်နှာပြင်ပေါ်မှတူးဖော်ရရှိမည့် သယံဇာတများအတွက် ပထမဆုံးဖောက်သည်များမှာ ပုဂ္ဂလိကဒုံးပျံကုမ္ပဏီများဖြစ်လာနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

KKO

## Space-X ကုမ္ပဏီ၏ Dragon အာကာသကုန်တင်ယာဉ်က ဇွန် ၃၀ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်

**ဝါရှင်တန် ဇွန် ၂၆**

Space-X ကုမ္ပဏီ၏ Dragon အာကာသကုန်တင်ယာဉ်သည် ဇွန် ၃၀ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ဇွန် ၂၉ ရက်တွင် ကမ္ဘာမြေအပြန်ခရီး စတင်ရေးအတွက် နိုင်ငံတကာ အာကာသစခန်း (ISS)မှ ပြန်လည်ခွာထွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဇွန် ၃၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ လေထီးများအကူအညီဖြင့် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ဆင်းသက်မည်ဖြစ်သည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီက ခြောက်နှစ်တာကာလအတွင်း အသုံးပြုခဲ့သော သိပ္ပံပညာစမ်းသပ်ပစ္စည်းများနှင့် အခြားပစ္စည်းကိရိယာပေါင်ချိန် ၃၆၀၀ ကျော်ကို ပြန်လည်သယ်ယူလာမည်ဖြစ်သည်။

နာဆာနှင့် Space-X ကုမ္ပဏီတို့သည် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဇွန် ၅ ရက်တွင် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားရေရိက္ခာနှင့် အခြားပစ္စည်းကိရိယာစုစုပေါင်း ပေါင်ချိန် ၇၀၀၀ ကို သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။ KKO

# HEALTH

## ဥရောပတိုက်တစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါ ရေရှည်ခံစားရသူပေါင်း ၃၆ သန်းထိရှိနိုင်

**ဂျီနီဗာ ဇွန် ၂၆**

ဥရောပတိုက် တစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရမှုပြဿနာရှိနေသူပေါင်း ၃၆ သန်းထိ ရှိနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အဆိုကိုကိုးကား၍ ယူပီအိုင်သတင်းဌာနက ဇွန် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ ရယူစုဆောင်းထားသည့် သတင်းအချက်အလက်များအရ ဥရောပပြည်သူဦးရေ ၃၀ ရှိလျှင် တစ်ဦးမှာကိုဗစ်-၁၉ လက္ခဏာများ ရေရှည်ခံစားနေရသူဖြစ်နေနိုင်ကြောင်း WHO တာဝန်ရှိသူများက ဇွန် ၂၈ ရက်တွင် ပြောကြားကြောင်း သိရသည်။

ဥရောပပြည်သူဦးရေ ၃၆ သန်းတို့မှာ ကိုဗစ်-၁၉ ရောဂါလက္ခဏာများရေရှည်ခံစားနေကြဖွယ်ရှိသော်လည်း မိမိတို့အနေဖြင့် အထက်ပါပြဿနာ၏ သဘောသဘာဝကို အနည်းငယ်မျှသာ နားလည်သေးကြောင်း WHO တာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် ဥရောပအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် လူသေဆုံးမှုများနှင့်လည်း ဆက်လက်ရင်ဆိုင်နေရသည်ဟု WHO က သတိပေးထားကြောင်း သိရသည်။

ဥရောပတစ်လွှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် အပတ်စဉ်သေဆုံးသူအရေအတွက်မှာ ဦးရေ ၁၀၀၀ ထိ ရှိနေကြောင်း WHO ၏အဆိုအရ သိရသည်။ KKO

## အချိန်ကန့်သတ်၍ အစာစားသုံးမှုက ကိုယ်အလေးချိန်လျှော့ချရာတွင် ကယ်လိုရီလျှော့စားသောက်မှုနှင့်တူညီ

**နယူးယောက် ဇွန် ၂၆**

အချိန်ကာလ အပိုင်းအခြားထား၍ အစားအစာစားသုံးမှုရပ်ထားခြင်းသည် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အထောက်အကူပြုသော်လည်း ကယ်လိုရီလျှော့စားသောက်မှုပုံစံထက်ပို၍ ကိုယ်အလေးချိန်ကို လျှော့ချရာ၌ ထိရောက်မှုမရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၈ ရက်တွင်ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အချိန်ကာလကန့်သတ်၍ အစားအစာ စားသုံးမှုသည် အဝလွန်သူများ၏ ကိုယ်အလေးချိန်ကို တစ်နှစ်အတွင်း ရှစ်ပေါင်ထိလျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ကယ်လိုရီလျှော့၍ စားသုံးမှုကြောင့် အဝလွန်သူများ၏ ကိုယ်အလေးချိန် လျှော့ပါးမှုနှုန်းမှာလည်း တစ်နှစ်လျှင် ရှစ်ပေါင်ပင်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ အချိန်အကန့်အသတ်ဖြင့် အစားအစာ စားသုံးမှုပုံစံသည် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် ကယ်လိုရီလျှော့၍စားသုံးမှုထက် ပို၍ထိရောက်မှုမရှိသည့် သဘောတွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဝလွန်သူဦးရေ ၉၀ တို့ကို အစုနှစ်စုခွဲ၍ အချိန်ယူလေ့လာခဲ့ပြီးနောက် ၎င်းတို့တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အချိန်ကန့်သတ်၍ အစားအစာ စားသောက်မှုပုံစံသည် ကိုယ်အလေးချိန် လျှော့ချလိုသူများကြား ခေတ်စားလာသည့် နည်းလမ်းတစ်မျိုး ဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Rocket Mortgage Classic ပြိုင်ပွဲတွင် တိုနီဖီနော့ ပါဝင်ယှဉ်ပြိုင်မည်

**မီချီဂန် ဇွန် ၂၉**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရိုက်တွင် ကျင်းပသွားမည့် Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်ဟု GW သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အလားတူ အမေရိကန်နာမည်ကြီးဂေါက်သီးရိုက် ကစားသမား ဂျက်စတင်သောမတ်စ်သည်လည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီးဂျက်စတင်သောမတ်စ်သည် ယခင်က Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားဖွယ်မရှိကြောင်း သတင်းများထွက်ပေါ်နေသူလည်းဖြစ်သည်။

ဂျက်စတင်သောမတ်စ်အနေဖြင့် ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ရလဒ်များကျဆင်းနေပြီး ကမ္ဘာ့အဆင့်(၁၇)နေရာသို့ ရောက်ရှိကာပြီးခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ကမ္ဘာ့အဆင့်(၁၀) အပြင်ဘက်သို့ ပထမဆုံးအကြိမ်ရောက်ရှိသွားခဲ့ခြင်းလည်းဖြစ်သည်။

လက်ရှိချန်ပီယံတိုနီဖီနော့သည်လည်း ယခုနှစ်ဂေါက်သီးရိုက်ရာသီအတွင်း ပုံစံကောင်းရရှိရန်ရုန်းကန်နေရပြီး လက်ရှိကမ္ဘာ့အဆင့် (၁၄) နေရာတွင် ရပ်တည်လျက်ရှိသည်။

တိုနီဖီနော့အနေဖြင့် ၂၀၂၂ ခုနှစ်တွင် အောင်မြင်မှုရရှိခဲ့ပြီး Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မှတ်တမ်းကောင်းများရရှိထားသူဖြစ်သည်။

တိုနီဖီနော့အနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် အခြေအနေကိုကျော်ဖြတ်နိုင်ရေးအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာက အဓိကကျနေသောကြောင့် အောင်မြင်မှုတစ်ခုရယူနိုင်လျှင် စိတ်ဓာတ်ပိုင်းဆိုင်ရာအထောက်အပံ့ ဖြစ်စေနိုင်သလို Rocket Mortgage Classic ဂေါက်သီးရိုက် ပြိုင်ပွဲတွင်လည်း လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်သည့် ကစားသမားအဖြစ် ရပ်တည်ခွင့်ရမည်ဖြစ်သည်။

တိုနီဖီနော့က "၂၀၂၂ ခုနှစ်မှာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ဒီဂေါက်ကလပ်ကို ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ လက်ရှိချန်ပီယံတစ်ယောက်အနေနဲ့ ပြိုင်ပွဲဝင်ခွင့်ရမှာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဇွန် ၂၉**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင်မြဝတီအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၀ မိနစ်တွင် ဟိန်းဇေယျာမင်းက မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ဒဂုံစတားအသင်းက ထိရောက်သည့် တိုက်စစ်ဆင်မှုများဖြင့် ပြန်လည်ဖိအားပေးနိုင်ခဲ့ရာ လေးမိနစ်အကြာ ပွဲချိန် ၁၄ မိနစ်တွင် သိန်းတန်က ဒဂုံစတားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့်ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးအနိုင်ဂိုးများအတွက် ဂိုးသွင်းခွင့်အခွင့်အရေးများ အပြန်အလှန်ရရှိခဲ့ကြသော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို မြဝတီအက်ဖ်စီအသင်း ကွင်းလယ်ကစားသမား မောင်မောင်ဝင်းက ရရှိခဲ့ကြောင်း သိရသည်။ STA

# အင်တာမီယာမီအသင်းက မက္ကဆီကိုနည်းပြဟောင်း မာတီနိုကို နည်းပြသစ်ခန့်အပ်

**ဝါရှင်တန် ဇွန် ၂၉**

မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသည် ယာယီနည်းပြ မိုရာလက်စ်နေရာတွင် ပြီးခဲ့သည့်မတ်လက မက္ကဆီကိုလက်ရွေးစင်အသင်းနှင့် လမ်းခွဲခဲ့သော မာတီနိုကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့သည်ဟုကြေညာခဲ့ကြောင်း90Min.comက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်တာမီယာမီ အသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်နေသည့်အသင်းဖြစ်ပြီး ဘာစီလိုနာအသင်း ကစားသမားဟောင်းများဖြစ်သည့် တိုက်စစ်မှူးမက်ဆီနှင့် ဘက်စ်ကွက်တို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုအခါ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဘာစီလိုနာအသင်းကို တာဝန်ယူ ကိုင်တွယ်ခဲ့ဖူးသည့် မက္ကဆီကိုအသင်း နည်းပြဟောင်း မာတီနိုကို နည်းပြသစ်အဖြစ် ထပ်မံခန့်အပ်ခဲ့ကြောင်း သိရသည်။

နည်းပြမာတီနိုက "အင်တာမီယာမီအသင်းအနေနဲ့ ဒေသတွင်းအဓိက ပြိုင်ပွဲတွေမှာ အောင်မြင်မှုရဖို့ အခြေခံလိုအပ်ချက်တွေ ရှိနေပါတယ်။ ဒါပေမဲ့ အသင်းမှာရှိတဲ့ သူတိုင်းက ရည်မှန်းချက်ထား ကြိုးစားမယ်ဆိုရင်တော့ ကျွန်တော်တို့လိုချင်တဲ့အရာကို ရယူနိုင်မှာပါ။ အသင်းနဲ့ လက်တွဲခွင့်ရတဲ့အတွက် အရမ်းစိတ်လှုပ်ရှားမိသလို အသင်းနဲ့အတူ အောင်မြင်မှုတွေရရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

နည်းပြမာတီနိုသည် ၂၀၀၂ ခုနှစ်က နည်းပြဘဝသို့ စတင်ဝင်ရောက်ပြီးနောက် ဥရောပကလပ်အသင်းများ၊ မေဂျာလိဂ်ကလပ်အသင်းများ၊ နိုင်ငံလက်ရွေးစင်အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၁၈ခုနှစ်တွင် အတ္တလန်တာအက်စ်စီအသင်းနှင့် မေဂျာလိဂ်ဆုဖလား ရယူနိုင်ခဲ့သည့်အပြင် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း မက္ကဆီကိုအသင်းအား အကောင်းဆုံး ဦးဆောင်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။ ML

# အာဆင်နယ်အသင်းက ချဲလ်ဆီးတိုက်စစ်မှူး ကိုင်ဟာဗက်ကို စတာလင်ပေါင် ၆၇ ဒသမ ၅သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် ဇွန် ၂၉**

အာဆင်နယ် အသင်းသည် ချဲလ်ဆီးအသင်း တိုက်စစ်ကစားသမား ကိုင်ဟာဗက်ကို ခေါ်ယူရန် ပြီးခဲ့သည့် ဘောလုံးရာသီကုန်ဆုံးချိန်ကတည်းကခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ယခုအခါ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၆၇ ဒသမ ၅ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ် ကစားသမား ကိုင်ဟာဗက်ကို ယခင်က ရီးရဲလ်မက်ဒရစ်အသင်းက ဘင်ဇီးမား၏နေရာတွင် အစားထိုးရန်ကြိုးပမ်းခဲ့သကဲ့သို့ ဘိုင်ယန်မြူးနစ်အသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ချဲလ်ဆီးအသင်းက တောင်းဆိုသည့် ပြောင်းရွှေ့ကြေးကြောင့် ကမ်းလှမ်းမှုမပြုလုပ်တော့သဖြင့် တိုက်စစ်ပိုင်းဖြည့်တင်းရန် ပစ်မှတ်ထားနေသည့် အာဆင်နယ်အသင်းက ကိုင်ဟာဗက်ကိုခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ အကြိမ်ကြိမ်ဆွေးနွေးမှုပြုလုပ်ခဲ့ရပြီး နောက်ဆုံးတွင် စတာလင်ပေါင် ၆၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

ကိုင်ဟာဗက်သည် ချဲလ်ဆီးအသင်းတွင် ပြိုင်ပွဲစုံ ၁၃၉ ပွဲတွင် သွင်းဂိုး ၃၂ ဂိုးထိ သွင်းယူနိုင်ခဲ့သူဖြစ်ပြီး ၂၀၂၀ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၎င်း၏သွင်းဂိုးဖြင့် ချဲလ်ဆီးအသင်းကို ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် လာမည့်ရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရမည်မဟုတ်သောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ကိုင်ဟာဗက်ကို ခေါ်ယူနိုင်ခဲ့သည့် အာဆင်နယ်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလအတွင်း ပထမဆုံးကစားသမား ခေါ်ယူမှု ပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၅ သန်းဖြင့် ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှု ရရှိခဲ့ကာ ကစားသမားအနေဖြင့် အာဆင်နယ်အသင်းတွင် ကျောနံပါတ် ၄၁ ကိုသာ ဝတ်ဆင်ရန် ဆုံးဖြတ်ထားသည်။ ML

## အားကစားသတင်း အတိုအထွာများ

- လာလီဂါဘောလုံးအဖွဲ့ချုပ်၏ ပြောင်းလဲလိုက်သည့် ဝင်ငွေထွက်ငွေစည်းမျဉ်းကြောင့် ကလပ်အသင်းများအားလုံးအကျိုးရှိခဲ့ပြီး ဗလင်စီယာ၊ ဘာစီလိုနာတို့ကဲ့သို့ အသင်းများအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းမှ လွတ်မြောက်ရန် အခွင့်အရေးရခဲ့ကြောင်း သိရသည်။
- စပါးအသင်းက ကွင်းလယ်ကစားသမား မက်ဒီဆင်ကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ML

# တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၆၉ သန်း ဘင်ဖီကာအသင်းသတ်မှတ်

**လစ္စဘွန်း ဇွန် ၂၉**

ဘင်ဖီကာအသင်းသည် မန်ယူအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသည့် တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၆၉ သန်းသတ်မှတ်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အသက် ၂၂ နှစ်ရှိ ဂွန်ကာလိုရာမို့စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘင်ဖီကာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ဥရောပထိပ်တန်း အသင်းကြီးများက ပစ်မှတ်ထားလာခဲ့ကြကာ မန်ယူအသင်းက ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ဂွန်ကာလိုရာမို့စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘင်ဖီကာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၇ ပွဲ ကစားခဲ့ပြီး ၁၂ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ကာ ဥရောပထိပ်တန်း တိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သော်လည်း ဘင်ဖီကာ အသင်းက အံ့အားသင့်ဖွယ် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၆၉ သန်းသာသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် ပြင်ဆင်နေပြီး အစောပိုင်းက စပါး အသင်းမှ ဟယ်ရီကိန်းနှင့် နာပိုလီ အသင်းမှ အိုဆီမန်တို့ကို ပစ်မှတ်ထားနေသော်လည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးကြောင့် အခက်တွေ့နေသည့်အတွက် ဂွန်ကာလိုရာမို့စ်ကိုခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

ဘင်ဖီကာအသင်း ဥက္ကဋ္ဌ ကော်စတာက ဂွန်ကာလိုရာမို့စ်ကို မဖြစ်မနေ လက်လွှတ်ရမည်ဆိုပါက ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၆၉ သန်းပေးချေရမည်ဟု အတည်ပြုကြေညာထားသည်။ STA

# Eastbourne International ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ကာမီလာတက်ရောက်

**လန်ဒန် ဇွန် ၂၉**

ဗြိတိန်နိုင်ငံတွင် ကျင်းပနေသည့် Eastbourne International အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် နိုင်ခြေအဆင့်(၄) သတ်မှတ်ခံထားရသည့် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာနှင့် အီတလီတင်းနစ်မယ်ကာမီလာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာမီလာက (၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTAက ယနေ့တွင် ဖော်ပြခဲ့သည်။

အွန်ဂျပ်ဘာသည် ကာမီလာကို အနိုင်ရရှိရန် ရေပန်းစားခဲ့သော်လည်း ကာမီလာက အကောင်းဆုံး ပုံစံပြသကာ ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့သည်။

အွန်ဂျပ်ဘာအား အနိုင်ရရှိခဲ့ပြီးနောက် ကာမီလာအနေဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် ဗိုလ်စွဲရန် ရေပန်းစားနေသည့် လက်ဗီးယားတင်းနစ်မယ် အိုစတာပင်ကိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အိုစတာပင်ကိုသည် မြက်ကွင်းတွင် စွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်သည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ဒုတိယအဆင့်တွင် ဗြိတိန်တင်းနစ်မယ် ဟာရိုက်ဒက်ကို (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

အိုစတာပင်ကိုနှင့် ကာမီလာတို့ကြား ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်ရှိခဲ့ပြီး အိုစတာပင်ကိုက နှစ်ကြိမ်အနိုင်ရရှိကာ ကာမီလာက တစ်ကြိမ်အနိုင်ရရှိထားသည်။

ကာမီလာ အနိုင်ရရှိထားသည့် နိုင်ပွဲတစ်ပွဲမှာ မြက်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရသည့် ပြိုင်ပွဲဖြစ်သည့်အတွက် ကာမီလာသည်လည်း မြက်ကွင်းတွင် ရလဒ်ကောင်းသည့် မှတ်တမ်းကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်း သိရသည်။

AZL

# ကစားသမားခေါ်ယူရာတွင် ငါးနှစ်ထက်ပို၍ စာချုပ်ချုပ်ဆိုခြင်းမပြုလုပ်ရဟု ဥရောပဘောလုံးအဖွဲ့ချုပ် စည်းမျဉ်းသစ်ထုတ်ပြန်




**နီယွန် ဇွန် ၂၉**

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ကစားသမားသစ်များ ခေါ်ယူစာချုပ်ချုပ်ဆိုမှုအပိုင်းတွင် စည်းမျဉ်းသစ် ထုတ်ပြန်ခဲ့ပြီး ကလပ်အသင်းများအနေဖြင့် ကစားသမားသစ်များ ခေါ်ယူစာချုပ်ချုပ်ဆိုရာတွင် ငါးနှစ်ထက်ပိုပြီး စာချုပ်မချုပ်ဆိုရဟု သတ်မှတ်ကြေညာခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလနှင့်ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတို့တွင် ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်သစ် တော့ဘိုလီက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၅၀ ကျော် အသုံးပြုပြီး ကစားသမားသစ်များကို ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ရာတွင် နှစ်ရှည်စာချုပ်များ ချုပ်ဆိုခဲ့သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က အဆိုပါဖြစ်ရပ်များကို ထိန်းချုပ်ရန် စည်းမျဉ်းသစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ရှက်တာဒိုးနက်အသင်းမှ မိုဒရစ်နှင့် ဘင်ဖီကာအသင်းမှ အန်ဇိုဖာနန်ဒက်တို့ကို ခေါ်ယူခဲ့ရာတွင် ကာလရှည်စာချုပ်များဖြစ်သည့် မိုဒရစ်ကို ခုနစ်နှစ်နှင့် အန်ဇိုဖာနန်ဒက်ကို ရှစ်နှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည့်အတွက် ကလပ်အသင်းများနှင့် ကစားသမားများအတွက် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပွားနိုင်သည့် အခြေအနေများကြောင့် ကစားသမား ခေါ်ယူစာချုပ်မှုများတွင် စည်းမျဉ်းထုတ်ပြန်ပြီး ထိန်းချုပ်ခဲ့ခြင်းဖြစ်သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ၎င်းတို့လက်အောက်ခံ လိဂ်ပြိုင်ပွဲများတွင် ကစားသမားသစ်များကို ခေါ်ယူစာချုပ်ချုပ်ဆိုရာတွင် ငါးနှစ်ထက်မပိုရသည့် စည်းမျဉ်းမှာ လာမည့် ဇူလိုင် ၁ ရက်မှစတင်ပြီး အကျုံးဝင်မည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

STA

# နည်းပြ မော်ရင်ဟိုကို အီတလီဘောလုံးအဖွဲ့ချုပ်က ပွဲပယ်ပြစ်ဒဏ် ၁၀ ရက်ချမှတ်

**ရောမ ဇွန် ၂၉**

ပြီးခဲ့သည့် မေလက ကစားခဲ့သည့် ရိုးမားအသင်းနှင့် မွန်ဇာအသင်းတို့၏ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် နည်းပြမော်ရင်ဟိုက ကွင်းလယ်ဒိုင်ချီဖီကို ဝေဖန်မှုပြုလုပ်ခဲ့သောကြောင့် အီတလီဘောလုံးအဖွဲ့ချုပ်က မော်ရင်ဟိုအား ပွဲပယ်ပြစ်ဒဏ် ၁၀ ရက် ချမှတ်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြမော်ရင်ဟိုသည် အဆိုပါပွဲစဉ်အပြီးတွင် ကွင်းလယ်ဒိုင် ချီဖီအား ၎င်းတွေ့ကြုံခဲ့သည့် နည်းပြသက်တမ်းတစ်လျှောက်တွင် အဆိုးရွားဆုံး ကွင်းလယ်ဒိုင်တစ်ဦးဖြစ်ကြောင်းဝေဖန်ပြောကြားခဲ့မှုကြောင့် ပွဲပယ်ပြစ်ဒဏ် ၁၀ရက်နှင့် ဒဏ်ငွေ ယူရို ၅၀၀၀၀ကို အီတလီဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နည်းပြမော်ရင်ဟို၏ ကွင်းလယ်ဒိုင်အပေါ် စောဒကတက်မှုကြောင့် ပွဲချိန် ၃၅ မိနစ်တွင် အဝါကတ်ပြ သတိပေးခံရပြီးနောက် ၎င်းအနေဖြင့် ပြိုင်ပွဲပြီးဆုံးချိန်ထိ တစ်စုံတစ်ရာပြောကြားခဲ့ခြင်းမရှိသော်လည်း ပွဲအပြီး မီဒီယာများ တွေ့ဆုံခဲ့ရာတွင် ကွင်းလယ်ဒိုင်ကို ဝေဖန်မှုပြုလုပ်ခဲ့သဖြင့် အရေးယူခံခဲ့ရပြီးလာမည့် ရာသီအစ စီးရီးအေပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

ထို့ပြင် နည်းပြမော်ရင်ဟိုသည် ပြီးခဲ့သည့် ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်တွင်လည်း ကွင်းလယ်ဒိုင် အန်တိုနီတေလာ၏ဆုံးဖြတ်ချက် အမှားများကြောင့် နစ်နာခဲ့ရသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် အန်တိုနီတေလာကို ရိုင်းပြသည့် စကားလုံးများနှင့် တိုက်ခိုက်ခဲ့မှုကြောင့် ယူအီးအက်ဖ်အေ၏ လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသည့်အပြင် ရိုးမားအသင်းအနေဖြင့်လည်း ဒဏ်ငွေ ယူရို ၅၅၀၀၀ ပေးဆောင်ခဲ့ရပြီးနောက် ယခုအခါ နည်းပြမော်ရင်ဟိုကို အီတလီဘောလုံးအဖွဲ့ချုပ်က အရေးယူမှု ထပ်မံပြုလုပ်ခဲ့သောကြောင့် ဒုတိယမြောက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း သိရသည်။

ML



# ဂျူဗင်တပ်အသင်းက ပေါ့ဂ်ဘာကို ရောင်းချပြီး လာဇီယိုအသင်းမှ မီလင်ကိုဗစ်ဆာဗစ်နှင့် အစားထိုးရန်ပြင်ဆင်

**ရောမ ဇွန် ၂၉**

ဂျူဗင်တပ်အသင်းက ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ရောင်းချပြီး လာဇီယိုအသင်းမှမီလင်ကိုဗစ်ဆာဗစ်နှင့် ပြန်လည်အစားထိုးရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု Dellosports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရပြီး ပွဲစဉ်အနည်းငယ်သာပါဝင်ကစားခွင့်ရရှိခဲ့သည်။

ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရာသီမစတင်မီ ရာသီကြိုခြေစမ်းပွဲစဉ်တွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ပြီးနောက် ကာလရှည်အနားယူနေခဲ့ရပြီး ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီးနောက် ပြန်လည်ကစားခဲ့သည့် ပွဲစဉ်များတွင်လည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။

ထို့ပြင် ပြီးခဲ့သည့်မေလက ကစားခဲ့သည့် ဂျူဗင်တပ်အသင်းနှင့် ခရီမိုနန်စီအသင်းတို့ ပွဲစဉ်တွင် ပွဲထွက် ပါဝင်ကစားခဲ့သော်လည်း ပွဲချိန် ၂၃ မိနစ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် ထပ်မံအနားယူနေခဲ့ရကာ ရာသီတစ်လျှောက်လုံးတွင် ပွဲချိန် ၁၇၂ မိနစ်သာ ကစားပေးနိုင်ခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းကလည်း ပေါ့ဂ်ဘာ၏ကြံ့ခိုင်မှုကို စိတ်ပျက်လျက်ရှိနေပြီး အသင်းအနေဖြင့်လည်း ဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နေရသည့်အတွက် ပြန်လည်ရောင်းချပြီး ၎င်း၏နေရာတွင် မီလင်ကိုဗစ်ဆာဗစ်နှင့်အစားထိုးရန်အတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။ STA

# ပိုး ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် ရိုက်ကူးသွားမည်



**ရန်ကုန် ဇွန် ၂၉**

Myanmar Magic Media က စီစဉ်ထုတ်လုပ်ပြီး MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ပိုး ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင် ၃ ရက်မှစ၍ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ မောင်သီက ပြောပြ၍ သိရသည်။

ပိုး ရုပ်သံဇာတ်လမ်းတွဲသည် လွန်ခဲ့သည့်၂၅ နှစ်က ဒါရိုက်တာ မောင်သီရိုက်ကူးခဲ့သည့် ဘယ်တော့မှ မဆုံးနိုင်သောပုံပြင် ဗီဒီယို ဇာတ်ကားကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ပြန်လည်ပုံဖော်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘယ်တော့မှ မဆုံးနိုင်သောပုံပြင်ဆိုတဲ့ ဗီဒီယိုကားလေးကို ရိုက်ခဲ့ဖူးတယ်။ အဲဒါက လွန်ခဲ့တဲ့၂၅ နှစ်လောက်ကဆိုတော့ လူတွေ သိပ်မသိတော့ဘူး။ ဗီဒီယိုဇာတ်ကားကနေ ဇာတ်လမ်းတွဲအဖြစ် ပြန်ရိုက်တာဆိုတော့ ဇာတ်ကိုတော့ နည်းနည်းလေးချဲ့ရတာပေါ့။ ရှေ့မှာရိုက်ခဲ့တဲ့ မမှိုဝဲနဲ့ကင်းအောင်နေဆိုလဲ ဒီလိုပဲ ပြန်ချဲ့ပြီးရိုက်ထားတာပါ။ ပိုးဆိုတဲ့နာမည်လေးက အနုပညာ ပိုးကို ပြောချင်တာပါ။ အနုပညာ ဝါသနာပါတဲ့ ကလေးတွေကြည့်သင့်တဲ့ ဆောင်ရန်၊ ရှောင်ရန်လေးတွေကို အဓိကထားပြီးရိုက်သွားမှာပါ။ မိဘမေတ္တာဘွဲ့လဲပါသလို ရုပ်ရှင်အနုပညာကို ဝါသနာပါတဲ့ ကလေးတွေအတွက် သင်ခန်းစာတွေကို ထည့်ရိုက်ပြထားပါတယ်။ ဒီဇာတ်ကားလေးကလဲ ရှေ့မှာရိုက်ခဲ့တဲ့ မမှိုဝဲနဲ့ကင်းအောင်နေ၊ မကြေးစည်၊ ဝိပါကတို့လို တန်းတစ်ခုရောက်မှာပါ"ဟု ဒါရိုက်တာ မောင်သီက ပြောပြသည်။

ပိုးရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မောင်ငယ်ရင်သွေးက ရေးသားခြင်းဖြစ်ကာ ဇာတ်ညွှန်းကို အေးမို့မို့အောင်၊ စန်းယုမောင်တို့က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ မောင်သီနှင့် ထင်ကျော်တို့က ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟန်ထူးချာန်၊ ဇင်မျိုး၊ ဖြိုးရာဇာနိုင်၊ ရဲဦး၊ မေသန္တာဦး၊ သာသာ၊ အေးမြတ်နိုးစံ၊ မေဘယ်လ်၊ လွန်းခြယ်၊ သက်ဦးကို၊ ထက်ရှိန်အောင်၊ ထူးဝဏ္ဏရှိန်၊ အခရာ၊ ဖြိုးဟန်သာ စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# သရုပ်ဆောင် ခွန်းဆင့်နေခြည်က မိသားစုဝင်များအားရည်စူး၍ ရန်ကုန်တိုင်းဒေသကြီးရှိ စာသင်တိုက်များသို့ အလှူငွေများလှူဒါန်း

**ရန်ကုန် ဇွန် ၂၉**

သရုပ်ဆောင် ခွန်းဆင့်နေခြည်က ကွယ်လွန်သူ မိသားစုဝင်များအား ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီးရှိ စာသင်တိုက်များသို့ အလှူငွေများ လှူဒါန်းခြင်းကို ဇွန် ၂၈ ရက်တွင် ပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ခွန်းဆင့်နေခြည်သည် ကွယ်လွန်သူများဖြစ်ကြသည့် ဖခင်ကြီး ဦးဇော်မင်း၊ မိခင်ကြီး ဒေါ်ဆွေဆွေသန်း(အဆိုတော် မင်းမင်းဝင်း) အစ်ကို ကိုအောင်ဇော်ဟိန်းတို့အား ရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ဂန္ဓဝါစကပရိယတ္တိစာသင်တိုက်၊ ဗဟန်းမြို့နယ်ရှိ ရတနာ့ဗိမာန်စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ပညာသိဂီ သီလရှင်စာသင်တိုက်တို့တွင် အလှူငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

"အဖေ၊ အမေနဲ့ အစ်ကိုတို့အတွက် ရည်စူးပြီး နေရာတချို့မှာ လက်လှမ်းမီသလောက် အလှူတွေ လုပ်ပေးခွင့်ရခဲ့ပါတယ်။ ဒါကတော့ ရန်ကုန် သာကေတမြို့နယ်



ဂန္ဓဝါစကပရိယတ္တိစာသင်တိုက်မှာ နဝကမ္မအလှူငွေကျပ် ၁၄ သိန်း လှူဒါန်းခဲ့ပါတယ်။ ဗဟန်းမြို့နယ် ရတနာ့ဗိမာန်စာသင်တိုက်မှာ နဝကမ္မအလှူငွေကျပ် ၁၄ သိန်း လှူဒါန်းခဲ့ပါတယ်။ မင်္ဂလာဒုံမြို့နယ် ဆယ်မိုင်ကုန်း ပညာသိဂီသီလရှင်ကျောင်းတိုက်မှာ နဝကမ္မအလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ပါတယ်။ မန္တလေး အင်းဝမြို့က ဇောဓိအောင်မြေမွှာရုံမှာ အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခွန်းဆင့်နေခြည်က ပြောပြသည်။

သရုပ်ဆောင် ခွန်းဆင့်နေခြည်သည် အမေရိကန်နိုင်ငံတွင် ခေတ္တနေထိုင်လျက်ရှိပြီး အနုပညာအလုပ်များ ခေတ္တရပ်နားထားသော်လည်း ခွန်းဆင့်နေခြည်အမည်ရှိ လူမှုကွန်ရက်စာမျက်နှာများမှ သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများ လွှင့်တင်ခြင်း၊ သီချင်း Music Video (MV)များ လွှင့်တင်ပေးခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ASH

# မမေ့စေချင်ဇာတ်သဘင်အစီအစဉ်ဒုတိယပိုင်းကို Channel K မှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် ဇွန် ၂၉**

မမေ့စေချင် ဇာတ်သဘင်အစီအစဉ်ဒုတိယပိုင်းကို ဇူလိုင် ၁ ရက်တွင် Channel K ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်တွင် ပါဝင်ကပြဖျော်ဖြေတင်ဆက်မည့် ဇာတ်မင်းသား ချစ်စွမ်းသာက ပြောပြ၍ သိရသည်။

Channel K ရုပ်သံလိုင်းမှ သဘင်ပွဲတော်ကြီး ရုပ်သံအစီအစဉ်သစ်အဖြစ် မမေ့စေချင်ဇာတ်သဘင်အမည်ရှိ ထင်ရှားကျော်ကြားသဘင်အဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ဇွန် ၂၄ ရက်တစ်၍ တိုက်ရိုက်ထုတ်လွှင့်လျက်ရှိကြောင်း၊ ဇူလိုင် ၁ ရက်တွင်လည်း ချစ်စွမ်းသာဇာတ်သဘင်၊ အောင်ဇမ္ဗူဇာတ်သဘင်နှင့် ချမ်းညီညီ၊ စွမ်းညီညီ ဇာတ်သဘင်တို့၏ သမားစဉ်အတိုင်း အပျိုတော်ယိမ်းမှစတင်ကာ နောက်ပိုင်းဇာတ်တော်ကြီးထိ ကပြဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

"Channel K ရုပ်သံလိုင်းရဲ့ သဘင်ပွဲတော်ကြီး ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ မမေ့စေချင်ဇာတ်သဘင်ရဲ့ တိုက်ရိုက်ထုတ်လွှင့်မှု ဒုတိယပိုင်းအစီအစဉ်မှာတော့ ဇာတ်မင်းသား ချစ်စွမ်းသာ၊ ဇာတ်မင်းသား အောင်ဇမ္ဗူ၊ ချမ်းညီညီ၊ စွမ်းညီညီ ဇာတ်သဘင်အဖွဲ့တွေ အနေနဲ့ ကပြဖျော်ဖြေမှုဖြစ်ပါတယ်။ ဒီလိုဖျော်ဖြေတင်ဆက်ရာမှာလဲ ဇာတ်သဘင်ရဲ့အနှစ်ဖြစ်တဲ့ နှစ်ပါးခွင်ဆိုရင်လဲ လူရွှင်တော်တွေ စုံစုံညီညီ မြိုင်မြိုင်ဆိုင်ဆိုင်၊ နောက်ပိုင်းဇာတ်တော်ကြီးဆိုရင်လဲ ဆို၊ ငို၊ ပြော ပိုင်ပိုင်နိုင်နိုင်နဲ့ ပီပီပြင်ပြင်ကပြကြမှာပါ"ဟု ဇာတ်မင်းသား ချစ်စွမ်းသာက ပြောပြသည်။

အဆိုပါ သဘင်ပွဲတော်ကြီး ရုပ်သံအစီအစဉ်သစ်အဖြစ် မမေ့စေချင် ဇာတ်သဘင်တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို လာမည့်ဇူလိုင် ၁ ရက် စနေနေ့ ည ၉ နာရီတွင် တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Superman:Legacy ၌ ပါဝင်မည့် Superman မင်းသားကို ရွေးချယ်ထား

**နယူးယောက် ဇွန် ၂၉**

Superman:Legacy ဇာတ်ကား၌ Superman အဖြစ်ပါဝင်မည့် မင်းသားကို မာဗယ်စတူဒီယိုက ရွေးချယ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။


ပြီးခဲ့သည့် သီတင်းပတ်များအတွင်း မာဗယ်စတူဒီယိုသည် Superman ဇာတ်ကောင်ကို ရွေးချယ်ရေးအတွက် အမျိုးသားသရုပ်ဆောင်များကို စိစစ်ရွေးချယ်ခဲ့သည်။

လက်ရှိတွင် မာဗယ်စတူဒီယိုသည် Superman ဇာတ်ကောင်နေရာအတွက် မင်းသားတစ်ဦး ရွေးချယ်ထားပြီးဖြစ်ရာ လာမည့်ဇူလိုင်လတွင် တရားဝင်ကြေညာနိုင်ဖွယ်ရှိသည်။

Superman:Legacy ဇာတ်ကားသည် Superman ၏ စူပါဟီးရိုးဘဝ အစပိုင်းကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ရာ လာမည့်နှစ်တွင် ရိုက်ကူးရေးလုပ်ငန်းစတင်မည်ဖြစ်သည်။

မာဗယ်စတူဒီယိုသည် Superman ဇာတ်ကောင်နေရာအတွက် မင်းသား ဒေးဗစ်ကော်ရန်စဝပ်၊ တွမ်ဘရစ်နီးနှင့် နီကိုလပ်ဟော့တို့ကို သရုပ်ဆောင်စမ်းသပ်မှုပြုလုပ်ထားကြောင်း သိရသည်။

KKO



# Napoleon ဇာတ်ကား၏ပြသချိန် စုစုပေါင်း ၁၅၇ မိနစ် ၄၅ စက္ကန့်ထိရှိ

**နယူးယောက် ဇွန် ၂၉**

သမိုင်းနောက်ခံဒရာမာဇာတ်ကားဖြစ်သည့် Napoleon ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ ၁၅၇ မိနစ် ၄၅ စက္ကန့်ထိရှိကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Napoleon ဇာတ်ကားကို ဒါရိုက်တာ ရစ်ဒလေစကော့က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ရစ်ဒလေစကော့သည် Kingdom of Heaven နှင့် Gladiator ကဲ့သို့ ပြသချိန်ရှည်လျားသော ကမ္ဘာကျော်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

Napoleon ဇာတ်ကားသည် ပြင်သစ်ဘုရင် နပိုလီယန်နှင့် မိဖုရား ဂျိုးဆက်ဖင်းတို့၏ဆက်ဆံရေးကို အဓိကထားရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ပြင်သစ်ဘုရင် နပိုလီယံအဖြစ် မင်းသား ယိုအာကွင်းဖီးနစ် သရုပ်ဆောင်ထားပြီး မိဖုရား ဂျိုးဆက်ဖင်းအဖြစ် မင်းသမီး ဗာနက်ဆာကာဘီက သရုပ်ဆောင်ထားသည်။

Napoleon ဇာတ်ကားကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ယခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။ KKO



# Progress in erecting the Maravijaya Buddha Image, which will become the tallest stone Buddha Statue in the seated posture in the world, explained




Senior General Min Aung Hlaing and party seen at the ordination hall.

**Nay Pyi Taw June 29**

A ceremony to explain the progress in erecting the Maravijaya Buddha Image, which will become the tallest stone Buddha Statue in the seated posture in the world, in Maravijaya Buddha Park, Dekkhinathiri Township, Nay Pyi Taw, Union Territory, was held this morning.

Present were the main donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, Chief of General Staff (Army, Navy and Air) General Maung Maung Aye, union ministers, union level officials, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, Sasananuggaha Title holders, officials of local banks and companies, officials of Union of Myanmar Federation of Chambers of Commerce and Industry, officals of local TV channels and communication operators, officials of metal enterprises.

In explaining the Maravijaya Buddha Image project, which is being implemented for public obeisance, the Senior General said the ceremony is to explain the progress in building the Maravijaya Buddha Image that will become the tallest marble Buddha Statue in the world. All the attendees are the persons who are playing their respective roles in the development of the religious sector and socioeconomic growth of the nation. Hence, the information about the progress in erecting the Image, the pride of the country, in Nay Pyi Taw is shared for the delightfulness.

The erection of Maravijaya Buddha Image has four objectives --to show the world that Theravada Buddhism is flourishing well in Myanmar, for the country, Myanmar, to become the centre of Theravada Buddhism, for national peace and prosperity, and for global peace and tranquility. Myanmar is a true Theravada Buddhist country. The country organized the Fifth Buddhist Synod during the reign of King Mindon and the Sixth Synod under the administration of Prime Minister U Nu.

*See Page 13*



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from well-wishers.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.



Senior General Min Aung Hlaing accepts cash donation from a well-wisher.





Senior General Min Aung Hlaing briefs on progress in construction of the Buddha Image.

*From Page 12*

The Image is being built as a proof of the strong Theravada Buddhist foundation of the country. For the country to become the centre of Theravada Buddhism, propagation programs are being prioritized. National prosperity ensures a booming economy, a peaceful public life and peaceful pursuit of education. Buddhism is a religion that embraces peace, tranquility and loving kindness, and its goal is a peaceful and pleasant life that is under the protection of Dhamma. So, the Image is being erected with the aim of assuring global peace and prosperity.

In the late 2017, Former Head of State Senior General Than Shwe transferred a huge marble boulder donated to him for religious purpose to the Tatmadaw to lead the task of turning it into a Buddha image. After completion of a thorough check and calculation by mining experts, excavation work began in October 2018, and in March 2019, the 65 feet high, 154 feet long and 20 feet thick 'A' level boulder could be shaped into a rough figure of the image. More marble was added as some of the parts were not perfect.

The Image is being curved in accord with the Yadanabon period Bumiphassa posture, which was found to be the best design of the past successive periods. The country lost independence in 1885, and fell into an age of darkness beginning from 1 January 1886. The country regained independence only in 1948. The nation lost its culture under colonialism. Hence, Yadanabon design was chosen as the last relic of its civilization. In accord with the tradition, the curving of the Image was based on its height. So, extra boulders of marble were sought for the throne and the knee of the Image. As road transport might have difficulties, the boulders were carried from Sakyin Hill to Hsimigon port along the Ayeyawady River. After a careful inspection process, guidance was sought from OvadacariraSayadaws, and the huge boulders were carried by road in parts. Because of the enormous size of the boulders, difficulties were encountered during the journey. Tatmadaw engineering unit and Navy jointly built a canal from the Sakyin Hill to Myaing River to convey the boulders from the hill. They had to dig 92507 pits in building the 4583-foot long canal. Moreover, Hsimigon port was also extended for larger vessels.

Marble rocks were conveyed starting from 3 July 2020. These were systematically conveyed without any damage nine times, and these were weighing 8,158 tons. It was set on record of the world in conveyance of the stones in shipping. All marble rocks arrived at Sameikkhon jetty on 18 September. A 22 miles and five furlong lone road was constructed to smoothly convey the rocks from Sameikkhon jetty to Saka-in roundabout. Then, these were conveyed to Nay Pyi Taw on 25 January 2021. In this regard, detours were built and roads were upgraded to convey the stones weighing between 1,500 tons to 2,000 tons. It took four months for construction. As marble rocks were started conveyance, Covid-19 broke out as well as political crises happened in the country. So, some people did not know detailed information about conveyance of the stones.

These rocks were conveyed on land seven times, and these weighs 7,632 tons. In this regard, Goldhofer Company of Germany which manufactured Modula Trailars to convey the stones presented certificates for longest route of conveyance in the largest weight of objects across the world. The heaviest stones were conveyed by shipping and through the longest land route.



Senior General Min Aung Hlaing accepts cash donation from a nun.



Senior General Min Aung Hlaing accepts cash donation from a well-wisher.

In building the Buddha image, efforts were made for magnificence of the image. The land plot for the image was systematically calculated with the seeking advice from members of the State Sangha Maha Nayaka Committee. Efforts were made to build pagoda, monastery, lake and public-rest houses. In accord with the guidance of the Sayadaws, Tri Pitakat treatises were carved on the stone plaques in Pali and Romanize language in the Maravijaya Buddha Park. The title of the image was named Maravijaya in accord with the advice of Ovadacariya Sayadaws.



Those in attendance take a tour of the Buddha Image and Buddha Park.

Systematic process was undertaken to express Tri Pitakat treatises in Paliand Romanize languages and print the treatises. These treatises were published in high quality paper. Similarly, efforts are being made to insert application of treatises to the tablets. These treatises will be donated to religious centres of Buddhism across the world.

Steps were placed for construction of the image and park. The creek in the park was straightened and a bridge like Mingala Bridge of Mandalay Yadanabon era. Bored piles were built for construction of 20,000 tons capacity of structure for the Buddha image. Parts of thrones were conveyed and connected one another systematically. Parts of the throne were carved with the use of CNC machines. Moreover, water fountains were systematically built in the park. Thudhamma public rest houses were built with the use of teak posts showing the Myanmar architectural works for public relaxation.

The Buddha image is carved with a nine feet high sample image under the advice of Sayadaws. The parts of the image were carved with the use of CNC machines.

Maravijaya Monastery was built in accord with the advice of Ovadacariya Saydaws for maintaining the Buddha image. Such monastery can accommodate five members of the Sangha. Likewise, Mucalinda Lake and Nagayon Pagoda were also built in line with the guidance of Ovadacariya Sayadaws and Buddhist treatises. In addition, three Kyee trees were also planted there.

Connection of the parts of Buddha images were difficultly carried out. Moving the parts of Buddha image were undertaken without mistakes. Stone plaque Cetis were built for public observance while visiting the Buddha image. So, Tri Pitakat treatises were carved on the stone plaques in Pali and Romanize languages with the use of modern machines. These Cetis are similar to the stone plaque chambers from Maha Kuthodaw Pagoda in Mandalay. Rectors from Yangon, Mandalay and Sitagu Sasana Universities led the Sayadaws in editing the treatises in carving the stone plaques not to cause mistakes. Land plot for the stone plaque Cetis was systematically carried out. Moreover, 1,000 Bawdi banyan trees donated by nuns from Shwesinmin nunnery post-primary school and youth development home of PyinOoLwin were also planted around the Cetis.

*See Page 14*

*From Page 13*

Modern technologies were applied in connecting parts of the Maravijaya Buddha image. These parts of the image were lifted up by Myanmar Engineering Society and Military Engineers' Corps without any foreign experts. Part 1, 2 and 3 of the Image weighing 1,700 tons were lifted up with the use of steel basket which weighs 1,500 tons and steel tower, 250 tons. In this regard, efforts were made difficultily without any mistakes.

The ceremonies to enshrine religious objects in the reliquaries were held on January 27 and February 10 along with the precious gems donated by various donors across the country.

To be able to hold religious events grandly, SasanaBeikmanAggadhipatiVisumgama Ordination Hall was built. The SasanaBeikman, 296 foot in length, 213 in width and 94 in height, is capable of having 900 Sanghas and 1,200 people. It is a consecrated ordination hall.

The advice on finishing works and offering the painting robe to the Maravijaya Buddha Image was received from Sayadaws. It has been three years and 15 days long since the jewelled stake was driven for construction of the Buddha Image. For long-term endurance and existence of the Buddha Image, systematic measurements from the engineering point of view were made to lay a foundation capable of holding 20,000 tons in weight, to bear a storm with the 120 mph wind speed and an earthquake with 8.8 on the Richter scale as well as to protect the Buddha Image from thunderstorms. The combination of conventional and modern methods was used in joining stones of the Buddha Image together.

Lawns were included in building the platform of the Buddha Image. Special chambers were built with alabaster like the design of Atumashi Monastery in Mandalay in order that pilgrims were able to pay homage to the Buddha Image in hot weather. An escalator was installed there to enable the disabled and old people to get to the platform. A Bo tree from India was planted in the precinct of the Buddha Image and Sandbox and Sal trees will be planted in the precinct too. The Sal trees were donated by India. Progress of building a water fountain square and stone temple and the state of the Buddha Image and Buddha Park upon completion were explained with the help of video clips. He also said that as those who were at the ceremony are getting involved in making efforts for nationality and religion as well as for improvement of socio-economic life of the State such a briefing was made in detail with the aim that they will gain merit through knowing about building the Buddha Image.

Then, the Senior General received donations in cash from the attendees for building the Buddha Image and Buddha Park.

Afterwards, the Senior General thanked the donors saying a large sum of money was spent to build the Buddha Image and it is not easy to build such a Buddha Image again. Difficulties were experienced when building the Buddha Image. Efforts were relentlessly made day and night to timely complete the SasanaBeikman. Religious title holders, bankers and economic persons were invited to let them know of the efforts to build the Buddha Image. This ceremony is being held amid the restrictions on the time and place.

It is learnt that donations were made generously. Names of those who made donations for buildings will be inscribed on stone slabs.

Then, the attendees took a tour of the Buddha Image and Buddha Park and they were briefed on the Buddha Image and Buddha Park by the Senior General and officials.

At the ceremony held today, 101 attendees donated Ks 16.177 billion in total. 100

# More trucks carrying tissue-culture bananas head to China through Kanpaikte border gate



Cargo trucks carrying tissue bananas.

**Myitkyina June 29**

The number of trucks carrying tissue-culture bananas from Kachin State to China through the Kanpaikte border gate has increased, said Daw Tu, vice president of the Kachin State Highway Freight Operators Association.

It is reported that the export of tissue-culture bananas, which are mainly grown in Kachin State, to China has increased. In the first week of May, there were only a few trucks that were going to export tissue-culture bananas, but now more trucks carrying tissue-culture bananas China has seen.

In the first week of June, there were only more than 150 trucks that were going to transport tissue-culture bananas from Kachin State through the Kanpaikte border gate, but since the last week of June, there have been more than 260 trucks transporting tissue-culture bananas.

Tissue-culture bananas have been cultivated in Waingmaw, Momauk and Bhamo townships on the other side of Myitkyina City in Kachin State since 2006. According to the statistics of the Kachin State Government released in August 2018, there are more than 60,000 acres of tissue-culture bananas in the whole country. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Affirmative action: US Supreme Court overturns race-based college admissions

**Washington June 29**

The US Supreme Court has ruled that race can no longer be considered a factor in university admissions.

The landmark ruling upends decades-old US policies on so-called affirmative action, also known as positive discrimination.

It is one of the most contentious issues in US education.

Affirmative action first made its way into policy in the 1960s, and has been defended as a measure to increase diversity.

US President Joe Biden said he "strongly" disagreed with the court's decision, and the US would need "a new path forward that is consistent with the law".

"We cannot let this decision be the last word," he said.

The cases concerned admissions at Harvard and the University of North Carolina (UNC). The court's conservative majority ruled 6-3 against UNC and 6-2 against Harvard.

The justices sided with an organisation called Students for Fair Admissions, founded by a conservative activist, Edward Blum.

The group argued before the court last October that Harvard's race-conscious admissions policy violated Title VI the 1964 Civil Rights Act, which bars discrimination based on race, colour or national origin.

BBC

# Virgin Galactic: Sir Richard Branson's rocket plane enters commercial service

**Santa Fe June 29**

It's taken just shy of 20 years but Sir Richard Branson has finally begun commercial operations with his Virgin Galactic rocket plane, Unity.

The vehicle soared high over the New Mexico desert on Thursday to enable three Italians to conduct science experiments in weightless conditions.

It was the first "purchased" mission, as opposed to just a test flight.

Sir Richard will now begin sending up the 800 or so individuals who've bought tickets to ride on Unity.

The 72-minute mission took off from Spaceport America at 0830 local time (1430 GMT) and was livestreamed around the world.

Just under an hour into the mission, after reaching an altitude of 44,500ft (13,600m), the carrier plane, Eve, then released Unity to ignite its engine and boost up to the edge of space. At the top of its climb, the rocket plane was at 279,00ft (85 km).

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဒိန်းမတ်နိုင်ငံက NATO ၏ F-16 တိုက်လေယာဉ်များကို ယူကရိန်းသို့ အမြန်လွှဲပြောင်းပေးနိုင်ဖွယ်ရှိ



ဒိန်းမတ်နိုင်ငံသည် စစ်ဘက်အဆင့်မြှင့်တင်ရေးအစီအစဉ်ကြောင့် NATO ၏ F-16 တိုက်လေယာဉ်များကို ယူကရိန်းနိုင်ငံသို့ အမြန်လွှဲပြောင်းပေးနိုင်ဖွယ်ရှိကြောင်း ဒိန်းမတ်ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၆ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ဒိန်းမတ် ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်း၏လေတပ်၌အသုံးပြုလျက်ရှိသော F-16 တိုက်လေယာဉ်များနေရာတွင် F-35 တိုက်လေယာဉ်များဖြင့် သတ်မှတ်ချိန်ထက် နှစ်နှစ်စော၍ အစားထိုးအသုံးပြုမည်ဟုကြေညာခဲ့ပြီး F-16 တိုက်လေယာဉ်များကို ယူကရိန်းသို့ လွှဲပြောင်းပေးရာတွင် အရှိန်အဟုန်မြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဒိန်းမတ်အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။

ဒိန်းမတ်လေတပ်သည် ၂၀၂၇ ခုနှစ်တွင် F-35 တိုက်လေယာဉ်များ တပ်တော်ဝင်အသုံးပြုနိုင်ရန် ယခင်ကတည်းက စီစဉ်ထားခဲ့သည်။ သို့သော်လည်း F-35 တိုက်လေယာဉ်များသည် သတ်မှတ်ကာလထက် နှစ်နှစ်စော၍ ၂၀၂၅ ခုနှစ်အမီ ရောက်ရှိလာနိုင်ဖွယ်ရှိနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပါလီမန်ကို အသိပေးအကြောင်းကြားခဲ့သည်။

ကျွန်ုပ်တို့သည် F-35 ကိုစီစဉ်ထားသည်ထက် စောစီးစွာတပ်တော်ဝင်နိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် F-16 များကို ဆောလျင်စွာဖယ်ရှားနိုင်သည့် အခြေအနေမျိုးလည်းဖြစ်သည်ဟု ယာယီကာကွယ်ရေးဝန်ကြီး Troels Lund Poulsen ၏ ပြောကြားချက်ကိုကိုးကား၍ အသံလွှင့်ဌာနက ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် ယူကရိန်းသို့ F-16 တိုက်လေယာဉ်များလွှဲပြောင်းပေးပို့ခြင်းအတွက်လမ်းကြောင်းဖြောင့်နေပြီဖြစ်သည်။

ဒိန်းမတ်အာဏာပိုင်များက ယူကရိန်းလေယာဉ်မှူးများကို ဩဂုတ်လတွင် နိုင်ငံအတွင်း၌ F-16 တိုက်လေယာဉ်များနှင့်အတူ အမောင်းသင်၊ လေ့ကျင့်၊ သင်တန်းပေးသွားနိုင်ရန် မျှော်မှန်းထားကြောင်း Poulsen က အစောပိုင်းတွင် ပြောကြားခဲ့ဖူးသည်။

"အဲဒါက ဆုံးဖြတ်ချက်စောချနိုင်တယ်လို့တော့ မဆိုလိုပါဘူး။ ဒါပေမဲ့ F-16 တိုက်လေယာဉ်တွေဟာ ဒိန်းမတ်မှာ ၂၀၂၄ ခုနှစ်ထိ အသုံးပြုနေအုံးမှာဖြစ်ပါတယ်" ဟု Poulsen က မှတ်ချက်ပြုခဲ့သေးသည်။

NATO အတွင်းရေးမှူးချုပ် Jens Sto-ltenberg က NATO အဖွဲ့အနေဖြင့် ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ ပေးပို့မည့်အချိန်ကို ဆုံးဖြတ်ချက်ချရမည့်အချိန် မဟုတ်သေးကြောင်း မကြာသေးမီက ပြောကြားခဲ့သည့်အချက်နှင့် Poulsen ၏ ထုတ်ပြန်ချက်သည် ဆန့်ကျင်ဘက်ဖြစ်နေကြောင်း သိရသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးကယခုလတွင်ကျင်းပသော ဥရောပနိုင်ငံရေးအသိုက်အဝန်း သတင်းစာရှင်းလင်းပွဲတွင် NATO အဖွဲ့ဝင် အများအပြားသည် ယူကရိန်းကို F-16 တိုက်လေယာဉ်များ ပံ့ပိုးရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အစောပိုင်းတွင် ရုရှားနိုင်ငံသည် ယူကရိန်းသို့ လက်နက်များပေးပို့ခြင်းနှင့်ပတ်သက်၍ NATO အဖွဲ့ဝင်နိုင်ငံများသို့ မှတ်ချက်တစ်ခု ပေးပို့ခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov က ယူကရိန်းသို့ လက်နက်များတင်ပို့ရောင်းချမှုသည် ရုရှားအတွက် တရားဝင်ပစ်မှတ်အဖြစ် သတ်မှတ်ခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းပင်ဖြစ်သည်။

"ယူကရိန်းကို အနောက်နိုင်ငံတွေက လက်နက်တွေ ဆက်တိုက်ပေးနေတာဟာ ရုရှား-ယူကရိန်း စေ့စပ်ဆွေးနွေးမှုအောင်မြင်ဖို့ အထောက်အကူမပြုသလို အပျက်သဘောဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ရှိလာမှာဖြစ်ပါတယ်"ဟု ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ပြောကြားခဲ့သည်။

**Denmark to Speed Up Transfer of NATO's F-16s to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်လယ်နက်လေကြောင်းပိုင်နက်ပေါ်တွင် ဗြိတိန်စစ်လေယာဉ်များကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း ရုရှားထုတ်ပြန်

ဗြိတိန်စစ်လေယာဉ်များသည် ပင်လယ်နက်လေကြောင်းပိုင်နက်ပေါ်တွင် ရုရှားနိုင်ငံ နယ်စပ်အနီးသို့ ချဉ်းကပ်ပျံသန်းလာစဉ် ရုရှားတိုက်လေယာဉ်နှစ်စင်းက ကြားဖြတ်ဟန့်တားခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

"ရုရှားတိုက်လေယာဉ်တွေ ချဉ်းကပ်ပျံသန်းလာတဲ့အခါ ဗြိတိန်စစ်လေယာဉ်တွေက ပြန်လှည့်ထွက်သွားခဲ့ပြီး ရုရှားနယ်စပ်နဲ့ ခပ်ခွာခွာပျံသန်းသွားခဲ့ပါတယ်" ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါပျံသန်းမှုတွင် ပါဝင်သောလေယာဉ်များမှာ RC-135 ကင်းထောက်လေယာဉ်နှင့်အတူ ခြံရံလိုက်ပါပျံသန်းလာသည့် ဗြိတိန်တိုင်ဖွန်း တိုက်လေယာဉ်နှစ်စင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

"ရုရှားလေယာဉ်တွေဟာ ၎င်းတို့ရဲ့ သက်ဆိုင်ရာလေယာဉ်ကွင်းကို ဘေးကင်းစွာပြန်ရောက်ခဲ့ပါတယ်။ ရုရှားနယ်စပ်လေပိုင်နက်အပေါ် ချိုးဖောက်ဝင်ရောက်ပျံသန်းတာမျိုး မရှိဘူး"ဟု ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားသည် ယူကရိန်းတွင်ထိုးစစ်ဆင်နေသောကြောင့် မကြာသေးမီလများအတွင်း ရုရှားနိုင်ငံနှင့် အနောက်နိုင်ငံလေယာဉ်များပါ ထိပ်တိုက်တွေ့ဆုံကြသည့် ဖြစ်ရပ်များသည် ပင်လယ်နက်နှင့် ဘော်လ်တစ်ပင်လယ်တို့၌ အကြိမ်အရေအတွက် များပြားလာခဲ့သည်။

မေလအတွင်း ရုရှားက ဘော်လ်တစ်ပင်လယ်ပြင်ပေါ်တွင် အမေရိကန် မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ် လေးစင်းကို သီတင်းပတ်တစ်ပတ်အတွင်း သီးခြားဖြစ်ရပ်နှစ်ခုတွင် ကြားဖြတ်ဟန့်တားခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ပြင်သစ်၊ ဂျာမနီနှင့်ပိုလန်လေယာဉ်များ ဝင်ရောက်ပျံသန်းကင်းထောက်လာနိုင်မှုများအပေါ် ကြားဖြတ်ဟန့်တားနိုင်ရန် တိုက်လေယာဉ်များကို တိုက်ပွဲဝင်အသင့်စုစည်း၍ တပ်ဖြန့်ချထားခဲ့သည်။ ဧပြီလတွင် ရုရှား၏ တိုက်လေယာဉ် နှစ်စင်းက ကြားဖြတ်ဟန့်တားလုပ်ဆောင်မှုကြောင့် အမေရိကန် Reaper MQ-9 စစ်ဘက်သုံး ဒရုန်းတစ်စင်း ပင်လယ်နက်တွင် ပျက်ကျခဲ့မှုအပေါ် အမေရိကန်နိုင်ငံက ရုရှားလက်ချက်ဟု ပြစ်တင်စွပ်စွဲခဲ့ဖူးသည်။



**Russia Says Intercepted British Warplanes Over Black Sea ကို ဘာသာပြန်ဆိုထားပါသည်။**

## နော်ဝေက NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုအဆင့်မြှင့်တင်ရန် Kongsberg ကုမ္ပဏီကို ရွေးချယ်

နော်ဝေနိုင်ငံ ကာကွယ်ရေးပစ္စည်းအေဂျင်စီ (Norwegian Defense Materiel Agency - FMA) သည် ၎င်း၏ NASAMS (Norwegian Advanced Surface-to-Air Missile System) လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ရန်နှင့် စစ်ဘက်အတွက် နည်းဗျူဟာမြောက် ရေဒီယိုဆက်သွယ်ရေးစနစ်များတည်ဆောက်ရန်အတွက် Kongsberg ကာကွယ်ရေးနှင့် လေကြောင်းဆိုင်ရာကုမ္ပဏီကို ရွေးချယ်ခဲ့ကြောင်း ဇွန် ၂၇ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။



အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၆ သန်းတန်ဖိုးရှိ ပထမဦးဆုံးချုပ်ဆိုနိုင်ခဲ့သည့် သဘောတူစာချုပ်တွင် NASAMS ရေဒါ အစိတ်အပိုင်းတချို့ကို ကုမ္ပဏီက အစားထိုးပေးသွားရန် လိုအပ်မည်ဖြစ်သည်။

FMA လေတပ်ဆိုင်ရာစနစ် ဌာနခွဲမှ ဌာနမှူးဖြစ်သူ ဗိုလ်မှူးချုပ် Jarle Nergård က အဆိုပါ အဆင့်မြှင့်တင်မှုသည် လေကြောင်းရန် ကာကွယ်ရေးစနစ်က လေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို ထောက်လှမ်းနိုင်မှု၊ ဖော်ထုတ်နိုင်မှုနှင့်ပျက်ပြယ်စေနိုင်မှု စသည့်စွမ်းဆောင်ရည်များကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အာမခံနိုင်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆင့်မြှင့်တင်မှုအရ NASAMS လေကြောင်းရန် ကာကွယ်ရေးစနစ်သုံး ရေဒါကို အခြားနိုင်ငံများ၏ထောက်လှမ်းမှုစနစ်များနှင့်အတူ အလားတူဖွဲ့စည်းတည်ဆောက်ပုံနှင့်လုပ်ဆောင်နိုင်စွမ်းရှိစေရန်လည်း အထောက်အကူပေးနိုင်လိမ့်မည်ဖြစ်သည်ဟု သိရသည်။

စီစဉ်ထားသောအဆင့်မြှင့်တင်မှုများသည် NASAMS ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်လုပ်ဆောင်ခြင်းဖြစ်ပြီး အခြားသော NASAMS လက်နက်စနစ်ဝယ်ယူအသုံးပြုထားသည့် နိုင်ငံများနှင့်ပူးပေါင်း၍ တီထွင်ထားသောတိုးတက်မှုများကိုပါ အသုံးချနိုင်စေလိမ့်မည်ဟု Kongsberg ကုမ္ပဏီမှ ဒုတိယဥက္ကဌ Kjetil Myhra က ပြောကြားခဲ့သည်။

တိုက်ခိုက်ရေး အခြေအနေများတွင် အသုံးပြုနိုင်ရေးအတွက် ရေဒီယိုဆက်သွယ်ရေးစက်များ တီထွင်ထုတ်လုပ်ရန် ရည်ရွယ်သည့် စာချုပ်၏ဒုတိယပိုင်းသည် နော်ဝေစစ်ဘက်အတွက် ပိုမိုလုံခြုံသောနည်းဗျူဟာမြောက်ဆိုင်ရာ ဆက်သွယ်ရေးစနစ်များ ပိုင်ဆိုင်လာနိုင်စေမည်ဖြစ်သည်။

တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၇ သန်းရှိသည့် အဆိုပါသဘောတူညီချက်တွင် နိုင်ငံ၏ကြည်းတပ် တပ်ဖွဲ့ဝင်များအသုံးပြုရန်အတွက် ရေဒီယိုစက်ပစ္စည်း အသစ်များထုတ်လုပ်ပေးရန်ဖြစ်ကြောင်း သိရသည်။

**Kongsberg to Upgrade Norway's NASAMS Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

စာမျက်နှာ ၁၇ မှအဆက်

ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ "မာရဝိဇယ" ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း။

ပိဋကသုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထပ် အက္ခရာတင်ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေးဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျမ်းစာအုပ်များရိုက်နှိပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် စက္ကူများဖြင့် ရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ အလားတူ အဆိုပါပိဋကသုံးပုံအား

















**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။**

Application ဖြင့်ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပိဋကတ် ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစီအစဉ်များ အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံနံ တည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့**ကြောင်း၊ ပလ္လင်တော် အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်ပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေပန်းရင်ပြင် တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အလားတူ သုဓမ္မာဇရပ်များ တည်ဆောက်ရာတွင် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာ ပြည်သူများ အနားယူနိုင်မည်ဖြစ်ကြောင်း။

ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း။

မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ **မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများ ရှိရန်လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့**ကြောင်း၊ **အဆိုပါကျောင်းတော်တွင် သံဃာတော်ငါးပါး သီတင်းသုံးနိုင်မည်ဖြစ်**ကြောင်း၊ **မုစလိန္ဒကန်နှင့် နဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်း မဟာဝါ အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတက အဋ္ဌကထာ စသည့်ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်**ကြောင်း၊ **ကျည်းပင် သုံးပင်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်**ကြောင်း။

ဆင်းတုတော်အပိုင်းများတွဲဆက်ခြင်းကို အခက်အခဲများကြားမှ အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော် အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင်လည်း အမှားအယွင်းများမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရားကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ **ကျောက်စာများရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် သီတဂူ သာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များဦးဆောင်မှုဖြင့် ဆရာတော်ကြီးများက နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ရာတွင်လည်း မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့ ရွှေစင်မင်း သီလရှင်သင် အမျိုးသမီးပရဟိတ ပညာရေးမူလွန်ကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ သီလရှင်ဆရာလေးများက လှူဒါန်းသည့် ဖောဓိပင် ၁၀၀၀ ကိုလည်း ကျောက်စာရုံများ၏ပတ်လည်တွင် စိုက်ပျိုးထားရှိကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိကြောင်း၊ တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း (၁၊ ၂၊ ၃) တို့တွဲဆက်ထားသည့် အပိုင်းကို ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သံမဏိပန်းတောင်းကိုအသုံးပြုခဲ့ရကြောင်း၊ ဆင်းတုတော်အပိုင်းများ ထည့်သွင်းထားသည့် သံမဏိပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင်ကြီးနှင့် တန်ချိန် ၂၅၀ ရှိ အထောက်အကူပြုသံမဏိစင်ကို အသုံးပြု၍ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ပင့်ထောင်ခြင်းလုပ်ငန်းများနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှားအယွင်းများမရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်ခဲ့နိုင်ခဲ့ကြောင်း။

ဇန်နဝါရီ ၂၇ ရက်တွင် ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်၌ ရတနာပလ္လင်တော်ထက်တွင် ဒုတိယအကြိမ်ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်း။

သာသနာ့ဗိမာန်နှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် သိမ်တော်ကြီးတစ်ခုဖြစ်ကြောင်း။

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသကင်္န်းကပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့**ကြောင်း၊ **ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကိုလည်း တပ်ဆင်ပူဇော်ခဲ့**ကြောင်း၊ **ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခဲ့သည်မှ** **စာမျက်နှာ ၁၉ သို့**








မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

**ယနေ့ထိ ရက်ပေါင်း ၁၁၁၀၊ သုံးနှစ်နှင့် ၁၅ ရက် ကြာမြင့်ခဲ့ပြီဖြစ်**ကြောင်း၊ **ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့နိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ အထိခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ ထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက်တည်ဆောက်ခဲ့**ကြောင်း၊ **ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင်လည်း သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်**ကြောင်း။

ရင်ပြင်တော်ကြီး တည်ဆောက်ရေးနှင့် ပတ်သက်၍ မြက်ခင်းများကိုလည်း ထည့်သွင်း တည်ဆောက်ထားကြောင်း၊ ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များအသုံးပြု၍ မန္တလေးမြို့ အတုမရှိကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့်အချိန်များတွင် ဂန္ဓာကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ ရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ ဘုရားကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လင်းလွန်းတောနှင့် ဘုရားကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လုမ္ဗိနီအင်ကြင်းပင်များအား အိန္ဒိယနိုင်ငံမှ လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှုကို Drone ဖြင့် ရိုက်ကူးထားရှိမှုမှတ်တမ်း Video Clip နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ကြီး တည်ဆောက်ပြီးစီးပါက ဖူးမြော်မြင်တွေ့ရမည့် အခြေအနေ Video Clip ဖြင့် ရှင်းလင်းပြသပြီး ယခုလာရောက်သည့် ဓမ္မမိတ်ဆွေများအနေဖြင့် အမျိုးဘာသာ၊ သာသနာအတွက် သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝတိုးတက်ရေး အတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူများဖြစ်သဖြင့် အသိပေးသင့်သည်ဟုယူဆ၍ ယခုကဲ့သို့ အသေးစိတ် ရှင်းလင်းပြသပေးခြင်းပင်ဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများပွားနိုင်စေရန် ရည်ရွယ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့အနေဖြင့် ငွေကြေးအကုန်အကျများစွာဖြင့် တည်ထားခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထပ်မံတည်ဆောက်ရန်အတွက် မလွယ်ကူကြောင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အခက်အခဲများလည်း ရှိခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးကိုလည်း အချိန်မီပြီးစီးနိုင်ရေး နေ့ ညမပြတ် ဆောင်ရွက်ခဲ့ရကြောင်း၊ သာသနာတော်ဘွဲ့တံဆိပ်ရရှိခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာပုဂ္ဂိုလ်များကို အသိပေးလိုသဖြင့် ဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားကို အချိန်နှင့်နေရာ ကန့်သတ်ချက်များကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လှူဒါန်းမှုများနှင့်ပတ်သက်၍ သဒ္ဓါတရားထက်သန်မှုများဖြင့်လှူဒါန်းခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ အဆောက်အအုံများအလိုက် လှူဒါန်းခဲ့သည့် အလှူရှင်များ၏ အမည်များကိုလည်း ကျောက်ချပ်များပေါ်တွင် ရေးထိုး၍ ကဗ္ဗည်းမှတ်တမ်း ထားရှိပေးမည်ဖြစ်ကြောင်း၊ ယခုတည်ထားကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးသည် ပမာဏကြီးမားပြီး လုပ်ငန်းများလည်း ကြီးမားပါကြောင်း၊ ထို့ကြောင့်ယခုတစ်ခဏအချိန်အတွင်း သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် အခမ်းအနားတက်ရောက်လာကြသူများက သဒ္ဓါတရားစိတ်ထက်သန်စွာဖြင့် လှူဒါန်းသည့် အလှူရှင် ၁၀၁ ဦး၏ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၆၁၇၇ သန်း(၁၆ ဒသမ ၁၇၇ ဘီလီယံ) ဖြစ်ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇွန် ၂၉**


ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ်တစ်စီးသည် ရခိုင်ပြည်နယ် အစိုးရမှ ဆန် ၁၃၅ အိတ်၊ စားဆီဘူး ၂၇၀၀၊ ကော်ဖီမစ် ၁၀ ဖာ၊ နို့မှုန့်လေးဖာ၊ ရေသန့်ကတ် ၅၇၀၊ ငါးပိကြော်တစ်ဖာ၊ ခေါက်ဆွဲခြောက် ဖာ ၁၁၀ နှင့် ဆေးဝါးပစ္စည်းမျိုးစုံ ၉၄ ဖာ စုစုပေါင်း ကုန်တန်ချိန် ၁၄ ဒသမ ၅ တန်ကို စစ်တွေမြို့၌တင်ဆောင်၍ မာန်အောင်မြို့သို့ ယနေ့ညနေပိုင်းတွင် ထွက်ခွာသွားခဲ့သည်။

အဆိုပါစစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။



# စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ကျေးရွာသူကျေးရွာသားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး၍ သီးစုံဒံပေါက်ထမင်းဘူးများပေးဝေလှူဒါန်း



အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး အထူးကုဆေးအဖွဲ့ များက ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက် ပေးနေမှုကို ကြည့်ရှု အားပေးစဉ်။

**နေပြည်တော် ဇွန် ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက်ရှိ အထူးဆေးကုသရေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေး ဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများမှ ဒေသခံပြည်သူများကို မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့မှ သမားတော်များ၊အထူးကုများ၊ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာရှိ စန္ဒာရာမပရိယတ္တိကျောင်းတိုက်၌ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့်ကျေးရွာသူ၊ ကျေးရွာသားများကို သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါများ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် MLCA၊MLCPအများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့်စီးပွားဖွံ့ဖြိုးတိုးတက်ရေး အသင်း(MICA)နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၃၀ စတုဒိသာအလှူတော်အစီအစဉ်ဖြင့်ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့လယ်ချောင်းတစ်လျှောက် တိမ်ကောပိတ်ဆို့နေသော အမှိုက်များ၊ ဗေဒါပင်များ၊ ပေါင်းပင်များဖြင့် ပိတ်ဆို့နေသောနေရာများကို ကူညီကယ်ဆယ်ရေးအဖွဲ့များက စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုများကိုသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ထို့ပြင် စစ်တွေမြို့မှပေးပို့လာသည့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများရောက်ရှိလာမှုနှင့် မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်၌ ပစ္စည်းများလက်ခံနေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စုပါနံ့ကောက်မျိုးစပါးနှင့် GW-11 မျိုးစပါးများ မော်တော်ယာဉ်များဖြင့်ရောက်ရှိလာမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည့် မျိုးစပါးများတောင်သူများထံသို့ ထောက်ပံ့ပေးအပ်ပွဲတက်ရောက်၍ မျိုးစပါး ၁၃၅ တင်းကို ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူများလက်ဝယ်သို့ ဖြန့်ဝေပေးသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျောက်တန်းတိုက်နယ်၊ လောင်းချောင်းတိုက်နယ်နှင့်စေတီပြင်တိုက်နယ်အတွင်းတို့ရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်များထောက်ပံ့ပေးအပ်ရာ မုန်တိုင်းဒဏ်သင့်ပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆပ်ရိုးကျရပ်ကွက်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အိမ်မိုးသွပ်ပြားများ ထောက်ပံ့ပေးအပ်သည်။



ဗိုလ်ချုပ် အောင်မျိုးထွန်း လေဘေးသင့် ပြည်သူများ အတွက် ဆန်များ ထောက်ပံ့ ပေးအပ်စဉ်။

အလားတူ ရမ်းဗြဲမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရမ်းဗြဲမြို့ အောင်ဓမ္မဗိမာန်ဓမ္မာရုံ၌ တိုင်းရင်းဆေးပညာဦးစီးဌာနက ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကိုကြည့်ရှုအားပေးပြီး တိုင်းရင်းဆေးများနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်လှူဒါန်းသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မောရဝတီကျေးရွာသို့ရောက်ရှိလာသည့် မျိုးစပါးများကို ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းဒဏ်ကြောင့် မျိုးစပါးများပျက်စီးခဲ့သည့် ကိုင်းကြီးကျေးရွာ၊မောရဝတီကျေးရွာနှင့် ဥဒေါင်းကျေးရွာတို့မှ တောင်သူ ၃၅ ဦးတို့ကို GW- 11 မျိုးစပါးနှင့် နံ့ကောက်မျိုးစပါး စုစုပေါင်း တင်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**နေပြည်တော် ဇွန် ၂၉**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ပေးပို့သော စုစုပေါင်းဆန် အိတ် ၁၆၀၊ ရှစ်တန်ကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကလေးလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့်ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၅၇ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၅၂၀ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိပြီး တာဝန်ရှိသူများကလက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးတွင် နန်ကျင်းစီးပွားရေးဇုန်တည်ဆောက်ရေးဆွေးနွေးရန်အတွက် တရုတ်နိုင်ငံမှ ကောင်စစ်ဝန်တစ်ဦးပါဝင်သည့်အဖွဲ့ကို နယ်ခြားစောင့်တပ်မှပစ်ခတ်သည်ဟု မီဒီယာများ၏စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးမှာ နန်ကျင်းစီးပွားရေးဇုန် တည်ဆောက်ရန် ဆွေးနွေးဖို့အတွက် တရုတ်နိုင်ငံမှကောင်စစ်ဝန် တစ်ဦးပါဝင်သည့်အဖွဲ့ကို နယ်ခြားစောင့်တပ်မှပစ်ခတ်သည်ဟု မီဒီယာများ၏စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုဖြေကြားထားသည်။

"ကချင်ပြည်နယ် မြစ်ကြီးနားသတင်းနှင့်ပတ်သက်ပြီး တချို့မီဒီယာတွေမေးမြန်းတာရှိခဲ့တယ်။ တချို့မီဒီယာများ၊ ပြည်ပမီဒီယာများကလည်း မဟုတ်မမှန်ထုတ်လွှင့်တာလည်းရှိတယ်။ ဇွန် ၂၇ ရက်တွင် တရုတ်နိုင်ငံကောင်စစ်ဝန် တစ်ဦးပါဝင်တဲ့အဖွဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးမှာ တည်ဆောက်မယ့် နန်ကျင်းစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ မြစ်ကြီးနားကို ထွက်ခွာလာတဲ့အချိန်မှာ ပစ်ခတ်ခံရတယ်။ ပစ်ခတ်တဲ့အဖွဲ့ကလည်း နယ်ခြားစောင့်တပ်ဖွဲ့ဖြစ်တယ်လို့စွပ်စွဲမဟုတ်မမှန်လုပ်ကြံတဲ့ သတင်းများကိုတွေ့ရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မီဒီယာများကလည်း ကျွန်တော်ကို မေးမြန်းထားတာရှိပါတယ်။ ဖြစ်စဉ်ကတော့ တရုတ်နိုင်ငံကကောင်စစ်ဝန်လည်းမဟုတ်ပါဘူး။ သူတို့ပြောနေတဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ နန်ကျင်းစီးပွားရေးဇုန်နဲ့ပတ်သက်တဲ့ကိစ္စလည်းမဟုတ်ပါဘူး။ နယ်ခြားဒေသမှာ တပ်မတော်အချင်းချင်း ပုံမှန်လစဉ်ဆွေးနွေးနေတဲ့ ဆွေးနွေးမှုများရှိပါတယ်။ နယ်စပ်ဒေသ လုံခြုံရေးနဲ့ပတ်သက်ပြီး ပုံမှန်ဆွေးနွေးနေတဲ့ ဆွေးနွေးပွဲပဲဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကို တရုတ်နိုင်ငံနဲ့မြန်မာနိုင်ငံ တလှည့်စီကျင်းပနေတာဖြစ်ပါတယ်။ အလားတူပါပဲ မြန်မာနိုင်ငံနဲ့ထိစပ်နေတဲ့ တိုင်းပြည်တွေမှာလည်း နယ်စပ်လုံခြုံရေးပုံမှန်အစည်းအဝေးတွေပြုလုပ်လျက်ရှိပါတယ်။ ဒီအစည်းအဝေးကို တက်ရောက်ဖို့အတွက် တရုတ်နိုင်ငံက တပ်မတော်ဆိုင်ရာကိုယ်စားလှယ်များ မြန်မာနိုင်ငံကို ဇွန် ၂၇ ရက် မနက်ပိုင်း ကန်ပိုက်တီမှလာရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့တပ်မတော်နဲ့နယ်ခြားစောင့်တပ်ဖွဲ့တွေက သွားရောက်ကြိုဆိုခဲ့ပါတယ်။ အဲဒီအထဲကမှ နယ်ခြားစောင့်တပ်ဖွဲ့ရဲ့ရှေ့ပြေးဒုတိယယာဉ်က ၁၃ ကီလိုမီတာအကွာလောက်မှာလက်နက်ငယ်နဲ့ ငါးချက်ပစ်ခတ်ခံရပါတယ်။ ထိခိုက်ဒဏ်ရာသူမရှိပါဘူး။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ အဲဒီနေရာမှာ လုံခြုံရေးအရ ပြန်လည်လုံခြုံမှုရရှိအောင်ဆောင်ရွက်ခဲ့ပါတယ်။ပြန်လည်လုံခြုံမှုရရှိတဲ့အခါမှာ အဲဒီယာဉ်တန်းကို မြစ်ကြီးနားကို ပြန်လည်ထွက်ခွာခဲ့တယ်။ မူလအစီအစဉ်အတိုင်းပဲ နှစ်ဖက်တွေ့ဆုံပြီး အစည်းအဝေးများတွေ့ဆုံခဲ့တာရှိပါတယ်။အောင်မြင်စွာနဲ့အစည်းအဝေးပြီးဆုံးသွားပါတယ်။ တရုတ်နိုင်ငံက တပ်မတော်ကိုယ်စားလှယ်အဖွဲ့များလည်း ပြည်ပသို့ ပြန်လည်ထွက်ခွာခဲ့ပါတယ်။ ပစ်ခတ်တဲ့အဖွဲ့တွေကလည်း KIA အဖွဲ့ဆိုတာအတည်ပြုလို့ရပါတယ်။ ပစ်ခတ်ပြီးတဲ့နောက်ပိုင်းမှာ တရုတ်-မြန်မာ နှစ်နိုင်ငံနဲ့ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြားမှာ အထင်လွဲမှားမှုတွေဖြစ်လာအောင် ဘေးကနေပြီးတော့ ပြည်ဖျက်မီဒီယာများအနေနဲ့ ဝိုင်းဝန်းသွေးထိုး လှုံ့ဆော်နေတာများကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး လုံခြုံရေးအရ ဆက်လက်ပြီးအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သတင်းယောင်သတင်းမှားတွေကို ပြည်ဖျက်မီဒီယာများကလည်း အမြဲတမ်းထုတ်လွှင့်လျက်ရှိပါတယ်။ဒီလိုထုတ်လွှင့်မှုတွေကို သတိပြုကြဖို့လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရာတန်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ မြို့မဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ အောင်ဗလကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ သမဝါယမဂိုဒေါင်သို့ စပါးများသယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။



# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကိုဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့်ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ကြက်သွန်နီ၊ကြက်သွန်ဖြူနှင့်တပ်မတော်စက်ရုံများနှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊မျှစ်စားတော်ပဲဘူး၊ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊မြန်မာစီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့သို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ရခိုင်ပြည်နယ် အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူ လယ်သမားများ မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရန် အတွက် မိုးစပါးများ ဒုတိယအကြိမ် ပို့ဆောင်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဝယ်ယူခဲ့သည့် ပေါ်ဆန်းရင်မျိုးစပါး တင်း ၃၀၀၀ ကို တပ်မတော်မော်တော်ယာဉ် ၁၂ စီးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြနှင့် ဝါးခယ်မမြို့တို့မှဝယ်ယူခဲ့သည့် ပေါ်ဆန်းရင်မျိုးစပါး ၁၃၀၆၇ ဒသမ၅ တင်းကို တပ်မတော်မော်တော်ယာဉ် ၆၃ စီးဖြင့်လည်းကောင်းတင်ဆောင်၍ ယနေ့တွင် ဒုတိယအကြိမ် သွားရောက်ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စပါးမျိုးများကိုမော်တော်ယာဉ်များပေါ်သို့တင်ဆောင်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကူညီတင်ဆောင်ပေးကြရာ ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်သို့ရောက်ရှိသည့် မျိုးစပါးများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်တွင် လိုအပ်လျက်ရှိသည့် မျိုးစပါးများကို အချိန်မီရရှိရေးဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## အကြမ်းဖက်မှုလုပ်ရပ်များကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းမြို့နယ် စမွန်းကျေးရွာအနီး ခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်၊ ခဲယမ်းများသိမ်းဆည်းရမိ



စစ်ကိုင်းမြို့နယ် စမွန်းကျေးရွာအနီးခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် ယာဉ်၊ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၉**

NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ လက်ပံတောကျေးရွာနှင့် စဉ့်ကိုင်ကျေးရွာများအနီး ရောက်ရှိခိုအောင်းနေကြောင်း အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့ရာ ဇွန် ၂၅ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ ၄၂ လက်နှင့် ခဲယမ်း၊ ဗုံးသီးဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် လက်နက်မျိုးစုံ ၁၂ လက်နှင့် ခဲယမ်း၊ ဗုံးသီးဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရရှိခဲ့သည့်သတင်းများကိုထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အထက်ပါဖြစ်စဉ်များမှ ဆုတ်ခွာထွက်ပြေးသွားသော အကြမ်းဖက်သမားအချို့သည် အခြားအကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းကာ စမွန်းကျေးရွာအနီးရောက်ရှိခိုအောင်းနေကြောင်း အကြမ်းဖက်လုပ်ရပ်များကို ရွံရှာစက်ဆုပ်မုန်းတီးပြီး PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိသည့်ဒေသခံပြည်သူများ၏ ထပ်မံသတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက် အစောပိုင်းတွင် အဆိုပါကျေးရွာသို့ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်စဉ် ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ VAN နှင့် CANDA အမျိုးအစားမော်တော်ယာဉ်နှစ်စီးပေါ်မှ ၁၀၇ မမ ရှေးတိုက်ဒုံးသီး ငါးလုံးအပါအဝင် လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်မျိုးစုံအတောင့် ၅၉၀၊ ခဲယမ်း၊ ဗုံးသီးမျိုးစုံ ၃၀၄ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင်အသုံးပြုသည့်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေစိုးမိုးရေးလုပ်ငန်းများဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဖြစ်စဉ်တွင် သိမ်းဆည်းရမိလက်နက်များနှင့်ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကို ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင်မထင်သလို သတ်ဖြတ်ခြင်းများဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဇွန် ၂၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၆ ဦး တွေ့ရှိ

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၄၁၃ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၃၄၉ ဦး |

**နေပြည်တော် ဇွန် ၂၉**

ဇွန် ၂၈ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၆၂၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၆ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံ့အိတ်တံတားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံ့အိတ်တံတားနေရာပြပုံ။



**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှုကိုပျက်ပြားစေရန်၊ ဒေသတွင်း ကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စု လမ်းမပေါ်ရှိ အများပြည်သူအားထား အသုံးပြုလျက်ရှိသည့် မိုင်တိုင်အမှတ် (၁၃၁/၆)နှင့် (၁၃၁/၇)ကြား တံတား အမှတ်(၃/၁၃၂) အရှည် ၉၅ ပေ အကျယ် ၄၁ ပေ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူ ကွန်ကရစ်အမျိုးအစား ကျုံ့အိတ်တံတား ကို KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလား သူများနှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် ကျုံ့အိတ်တံတား၏ အနောက်ဘက်ခြမ်း ၆၆ ပေခန့်ပဲ့ကျပျက်စီး ခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားချိန်၌ တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော် ယာဉ်သုံးစီးပြုတ်ကျပျက်စီးခဲ့ကာ အပြစ်မဲ့ ပြည်သူ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာသို့ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများကသွားရောက်၍ လိုအပ်သည့်ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိစဉ် အဆိုပါအကြမ်းဖက်သမား များက Drop Bomb များ အသုံးပြု၍ ယုတ်မာရက်စက်စွာဖြင့် အကြမ်းဖက်မှုများ ထပ်မံလုပ်ဆောင်ခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူနှစ်ဦး ထပ်မံသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

KNLA အကြမ်းဖက်သမားများအနေ ဖြင့် ဇန်နဝါရီ ၆ ရက်တွင်လည်း ပဲခူးတိုင်း ဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းရှိ အများပြည်သူ အသုံးပြုသွားလာလျက်ရှိ သော စစ်တောင်းမြစ်ကူးတံတား(နတ်သံ ကွင်း)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု ကြောင့် တံတား၏ကမ်းကပ်ခုံနှင့်ကပ်လျက် ပေ ၁၃၀ ခန့်ပြိုကျပျက်စီးခဲ့သည်။ ပဲခူး တိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့အတွင်းရှိ တံတားများကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခဲ့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့ထိ ၂၄ ကြိမ်ရှိပြီ ဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အများ ပြည်သူသွားလာမှုခက်ခဲစေရန်နှင့် အထိတ် တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ကုန်စည် စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ် မှု(War Crime)ကို ကျူးလွန်ခြင်း ဖြစ်သည်။

အဆိုပါမိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိ တွင် လူနှင့်ယာဉ်ငယ်များဖြတ်သန်းသွားလာ နိုင်သော်လည်း မော်တော်ယာဉ်ကြီးများ အတွက် သွားလာရန်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် တံတားပျက်စီး မှုကို သက်ဆိုင်ရာလမ်း၊တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့်အကြမ်းဖက်ချေမှုန်း ရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။



KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံ့အိတ်တံတားကိုတွေ့ရစဉ်။

# ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင် များကို KKO(ခွဲထွက်)အဖွဲ့မှအကြမ်းဖက် မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး များဖြင့် ဇွန် ၂၈ ရက် ညနေပိုင်းတွင် လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးသေဆုံးပြီး သုံးဦးထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့်တပ်ဖွဲ့ဝင်များကို ဇွန် ၂၈ ရက် ညနေ ၅ နာရီခွဲခန့်တွင် KKO (ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူ များနှင့် PDF အမည်ခံအကြမ်းဖက်သမား များက အရှေ့မြောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာသွားခဲ့ပြီး အဆိုပါအကြမ်းဖက် သမားများပစ်ခတ်ခဲ့သည့် လက်နက်ကြီး ကျည်များသည် ကော့ကရိတ်မြို့ အမှတ်(၂) ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ မှုကြောင့် အဆိုပါရပ်ကွက်နေအပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိကာ မော်တော်ဆိုင်ကယ်တစ်စီးမီးလောင် ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိသူများ ကို ကော့ကရိတ်မြို့ ပုလဲဖြူနာရေးကူညီမှု အသင်းက မော်တော်ယာဉ်ဖြင့် ခရိုင်ပြည်သူ ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါး ကုသမှုများခံယူစေလျက်ရှိသည်။





KKO(ခွဲထွက်)အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် ထိခိုက် သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများ၏ မှတ်တမ်းဓာတ်ပုံ။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာမြို့အတွင်းသို့ လက်နက်ကြီး များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်း ဖက်သမားများကို ဖမ်းဆီးအရေးယူနိုင် ရေးနှင့်နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များကလိုအပ် သည့် လုံခြုံရေးလုပ်ငန်းများကိုဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာ များမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒရယ်မီးရပ်ကွက်နေ ဇေယျာဝင်း(ခ)ဇေယျာသည် ၎င်းအသုံးပြု သည့် "Zayar" Facebook အကောင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ကွဲခြံကျေးရွာနေ ဝင်းညွှန့်(ခ)သာချိုသည် ၎င်းအသုံးပြုသည့် "Thar Cho" Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ် ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေး ယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# စင်ပေါ်ကစာအုပ်များ (၂)

**မန်းတင့်မော်**

စင်ပေါ်ကစာအုပ်အဖြစ်တင်ပြခဲ့သော "ကံ့ကော်မြိုင်စာတန်း"ပါ ဆရာများ၏စာတန်းများတွင် ဆရာမင်းယုဝေ၏ စာတန်းသုံးပုဒ်ပါဝင်ပါသည်။ "တနှစ်တခါ"အမည်ရှိ စာတန်းတွင် ဆရာတို့ငယ်စဉ်က ဆွမ်းကြီးလောင်းပွဲကို သရုပ်ဖော်သည်။ ညနေပိုင်းတွင်လောင်းလှူသောအလှူပွဲဖြစ်၍ "ဆွမ်းဆန်စိမ်းလောင်းလှူပွဲ"ဖြစ်သည်။ ဆရာတို့မိသားစုဝင်အားလုံး ကိုယ်စီကိုယ်စီအားလုံးပါဝင်ကြသည်။ အိမ်သားများသာမက အိမ်ဖော်မလေးကပင် တတ်အားသမျှပါဝင်ကြောင်းလည်း သိရသည်။

ဆွမ်းကြီးလောင်းပွဲတွင် သံဃာတော်များကြွလာပုံ၊ လောင်းလှူသောလှူဖွယ်များစုံလင်ပုံ၊ အလှူရှင်များဆင်းရဲချမ်းသာမရွေးပုံ၊ သူဌေး၊ ပဲပြုတ်သည်မှအစ ယစ်ထုတ်ကြီး၊ ဆေးလိပ်လိပ်သူအလယ်၊ မဆိုးမကလေးအဆုံး အားလုံးလောင်းလှူကြပုံကိုလည်း စာဖတ်သူမြင်သာသိသာအောင် ဖော်ပြသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အလှူဒါနပြုကြပုံကို ပေါ်လွင်စေပါ၏။ ဆရာ၏စာတန်းအဆုံးတွင် "တနှစ်တခါင် ကျွန်တော်တို့ရပ်ကွက်သားတို့သည် သည်လိုကြည်နူးခြင်း၊ ချမ်းမြေ့ခြင်းကို အဆင့်အတန်းမရွေး တပြိုင်တည်း ခံစားကြရပေသည်တကား"ဟူ၍ နိဂုံးချုပ်ခဲ့သည်။ ယခုတိုင်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ကျင်းပလောင်းလှူဒါနထူလျက်ရှိဆဲပင်။

ဆရာ၏ ဒုတိယစာတန်း"ပိုင်ဆိုင်ခြင်း"အမည်ရှိ စာတန်းတွင် စာဖတ်သူအတွက် အတွေးအမြင်ပွားစေသောအချက်ကို တွေ့ရသည်။ မိမိမပိုင်သေးသောအရာအတွက် စိတ်ခံစားမှုမရှိ။ မဆိုင်သောအရာအတွက် ပူပန်မှုမရှိ။ ဆရာမင်းယုဝေတို့ဒေသရှိ ခြံကြီးတစ်ခြံကို မူလကဆရာတို့မိသားစုက ဝယ်ယူလိုက်သဖြင့် ထိုခြံအတွက် သောကပို့ရပုံကို ဖတ်ရှုရသည်။ သောကနှင့်အတူယှဉ်လျက် ဒေါသကပါလာသေးသည်။ ထိုခြံတွင်းက မရန်းပင်ကိုအကြောင်းပြု၍ တစ်မိသားစုလုံး အလုပ်များကြပုံ၊ သောကပွားကြရပုံများကို ရေးပြသည်။ ပိုင်ဆိုင်မှုသုခနောက်တွင် ဒုက္ခရောက်ကြရပုံဖြစ်သည်။ နိုင်ငံကျော် မြန်မာ့ဂန္ထဝင်ရုပ်ရှင်ကားတစ်ကားဖြစ်သော ဗိုလ်အောင်ဒင်ရုပ်ရှင်ထဲမှ ဇာတ်လိုက်ဗိုလ်အောင်ဒင်က သူ့တပည့်သုခကို ပြောခဲ့သော "ဒုက္ခပါပဲသုခရာ"ဟူသောစကားကို သတိရလိုက်မိ၍ ပြုံးချင်ချင်ဖြစ်ရပါသေးသည်။ ဆရာမင်းယုဝေက သူတို့မိသားစုပိုင်ဆိုင်သောခြံကြီးကို ရောင်းလိုက်မှသာ ဒုက္ခကင်းဝေးရပုံကို ဆက်လက်ရေးဖွဲ့သည်။ လိုချင်၍မရသော ဆင်းရဲရှိသကဲ့သို့ ရရှိပိုင်ဆိုင်ရာမှကြုံတွေ့ရသောဒုက္ခရှိကြောင်း မှတ်သားရပါသည်။

ဆရာမင်းယုဝေ၏ စာတန်းတစ်ပုဒ်မှာ "ဦးရာကျော်ကောင်းမှု"ဖြစ်သည်။ ဆရာအလုပ်ကိစ္စဖြင့် တံခွန်တိုင်ရွာသို့သွားရာလမ်းခုလတ်ရှိ အုတ်ခုံရှည်တစ်လုံးပေါ်တွင် ခေတ္တအပန်းဖြေရာမှ တွေ့ကြုံရပုံတို့ကို စိတ်ဝင်စားဖွယ်ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုအုတ်ခုံရှည်ပေါ်သို့ ဘုန်းကြီးကျောင်းမှပြန်လာသော မြေးအဘွားနှစ်ဦး လာရောက်ခိုနားရင်း အဘွားက ကုသိုလ်အမျှပေးဝေရာ ဆရာမင်းယုဝေက သာဓုခေါ်ခဲ့ရသည်။ "ဤအုတ်ခုံကား ဘုရား၊ တရားမွေ့သူတို့ အပန်းဖြေရာ နေရာလည်းဖြစ်သည်။ ကုသိုလ်ရှင်တို့ အမျှဝေရာ နေရာလည်းဖြစ်သည်။ ခရီးသည်တို့ သာဓုခေါ်ရာနေရာလည်းဖြစ်သည်"ဟု မှတ်ချက်ပြုသည်။ ဆက်လက်၍ ဆရာက အုတ်ခုံအလှူရှင်ကို သိလိုဇောဖြင့် ရှာဖွေရာ ကွယ်လွန်သူဦးရာကျော်၏ သင်းချိုင်းဂူဖြစ်ကြောင်း သိလိုက်ရသည်။ ဆက်၍ ဆရာမင်းယုဝေ ဖော်ပြသည်မှာ "ဦးရာကျော်ကွယ်လွန်သောအခါ ကျန်ရစ်သူတို့သည် ဤနေရာတွင် လူအများ အပန်းဖြေထိုင်နားရန် နှိမ့်ချစွာဖြင့်အုတ်ခုံတည်ကာ ဦးရာကျော်အတွက် ကောင်းမှုပြုကြခြင်း

❖ "ဤအုတ်ခုံကား ဘုရား၊ တရားမွေ့သူတို့ အပန်းဖြေရာနေရာလည်း ဖြစ်သည်။ ကုသိုလ်ရှင်တို့အမျှဝေရာ နေရာလည်းဖြစ်သည်။ ခရီးသည်တို့ သာဓုခေါ်ရာနေရာလည်းဖြစ်သည်"ဟု မှတ်ချက်ပြုသည်။ ဆက်လက်၍ ဆရာက အုတ်ခုံအလှူရှင်ကို သိလိုဇောဖြင့်ရှာဖွေရာ ကွယ်လွန်သူ ဦးရာကျော်၏ သင်းချိုင်းဂူဖြစ်ကြောင်း သိလိုက်ရသည်။ ဆက်၍ ဆရာမင်းယုဝေဖော်ပြသည်မှာ "ဦးရာကျော်ကွယ်လွန်သောအခါ ကျန်ရစ်သူတို့သည် ဤနေရာတွင် လူအများအပန်းဖြေထိုင်နားရန် နှိမ့်ချစွာဖြင့် အုတ်ခုံတည်ကာ ဦးရာကျော်အတွက် ကောင်းမှုပြုကြခြင်းဖြစ်သည်။ စိတ်ကူးကောင်းလေစွ။ စေတနာကြီးမားလေစွ။ အံ့ဩချီးကျူးဖွယ်ကောင်းလေစွ"ဟူ၍ဖြစ်သည်။ ❖

ဖြစ်သည်။ စိတ်ကူးကောင်းလေစွ။ စေတနာကြီးမားလေစွ။ အံ့ဩချီးကျူးဖွယ်ကောင်းလေစွ"ဟူ၍ဖြစ်သည်။ မြန်မာတို့က ဇရပ်ဆောက်လေ့ရှိကြသည်။ ခရီးသွားများနားနေရန် ရည်ရွယ်သည်။ ရှေးကဆိုလျှင် ဇရပ်၊ ရေချမ်းစင်နှင့်အတူ ချက်ပြုတ်စားရန် ဆီ၊ ဆန်၊ ဟင်းချက်စရာတို့ပါထားရှိကြောင်း မှတ်သားဖူးသည်။ ယခုအခါ ဇရပ်ယဉ်ကျေးမှု လျော့ပါးလာသည်ဟု ထင်မိပါသည်။ ခုသွားခုရောက် စက်တပ်ယာဉ်များကပေါများလာသကဲ့သို့ သုတ်သုတ်သွား သုတ်သုတ်ပြန်ကြသော အနေအထားမျိုးဖြစ်လာသည်။ အေးအေးလူလူ၊ နားနားနေနေခေတ်မဟုတ်တော့ပြီ။

ဆရာအောင်သင်းက"အနီးအဝေး"ခေါင်းစဉ်ပါစာတန်းဖြင့် ဖွင့်သည်။ အဟောအပြော ကောင်းလွန်းလှသဖြင့် ဆရာအောင်သင်းကိုသိသော ပရိသတ်များပါသည်။ စာဟောကောင်းရုံသာမဟုတ် စာရေးကောင်းသူဖြစ်ကြောင်းကို ဆရာ့စာတန်းများက သက်သေခံလျက်ရှိသည်။ စာအုပ်ပေါင်းများစွာကိုလည်း ရေးသားထုတ်ဝေခဲ့ပါသေးသည်။ ဆရာ၏အနီးအဝေးတွင် အနီးမြင်၊ အဝေးမြင်သဘောကို ရုပ်ရှင်ကိုပိတ်ကားနှင့် အနီးဆုံးကြည့်မိရာမှစတင်သည်။ ဆရာက "ဝေးလွန်းမှသာ မမြင်ရသည်မဟုတ်။ သေးလွန်းမှသာမမြင်ရသည်မဟုတ်။ နီးလွန်းလျှင်လည်း မမြင်သာဖြစ်တတ်ချေသည်။ ကြီးလွန်းလျှင်လည်း မမြင်သာဖြစ်တတ်ချေသည်"ဟု ရေးသည်။ ဆက်လက်၍ ကြယ်များ၊ ကမ္ဘာများနှင့် အလင်းရောင်တို့ကိုလည်း အနီးအဝေးကြောင့်လှပရပုံ၊ အမြင်ကွာခြားပုံတို့ကို စိတ်နှင့်ထင်ဟပ်လျက် "ကျွန်တော်တို့မျက်စိများသာမဟုတ်။ ကျွန်တော်တို့၏ စိတ်များကလည်း နီးလွန်းလျှင်မမြင်၊ ကြီးလွန်းလျှင်မထင် ရှိတတ်သည်ဟု ကျွန်တော်တွေးမိသည်"ဟုဆိုပြန်သည်။

"အတုနှင့်အစစ်၊ အစစ်ကိုပို၍ မြတ်နိုးသင့်ကြပေသည်"ဟူသော အတွေးတစ်စကို လှစ်ဟ၍ "ချိုတကူးနှင့် ဂုဏ်ရည်မတူ"စာတန်းကိုဖွင့်သည်။ စစ်ကြီးဖြစ်၍ ချိုတကူးအမည်ရှိ အိန္ဒိယလူငယ်လေးတစ်ယောက် မိခင်၊ နှမတို့နှင့် ရှင်ကွဲကွဲ၍ အစ်ကိုနှင့်ဖခင်တို့က သေကွဲကွဲသွားပြန်ရာ တစ်ယောက်တည်း မြန်မာပြည်တွင် ကျန်ရစ်ခဲ့ရပုံကို ညှိုးငယ်စွာဖတ်ရသည်။ သနားစဖွယ်ချိုတကူး။ သို့သော် ချိုတကူးကိုယ်တိုင် မြန်မာရုပ်ရှင်ထဲက သနားဖွယ်သရုပ်ဆောင်သောမေသစ်ကို သနားနေသည်။ ချိုတကူးဘဝက အစစ်။ မေသစ်ဘဝကအတု။ ထိုအတု သစ်သီးပုံများကို အစစ်သဖွယ် ရေးခြယ်ထားသောပန်းချီကားကို ဒေါ်လာထောင်ချီပေးဝယ်သော သတင်းကို ဆရာအောင်သင်းသိရသည်။ ဆရာအောင်သင်းကိုယ်တိုင် "ကျွန်တော့်စိတ်ထဲတွင် အစစ်ထက်အတုကို မြတ်နိုးလေးစားကြသော လောကကို ကျွန်တော်မကျေနပ်ချင်ပါ။ အစစ်ကိုသာ တန်ဘိုးထားစေချင်သည်။ သို့သော် ကျွန်တော်ကိုယ်တိုင်က အတုကို ဩဘာပေးနေသည်။ မေသစ်ကိုပိုသနား၍ ပန်းချီကားကိုပိုချစ်နေသည်"ဟု ဝန်ခံစကားဆိုလိုက်ပြန်ပါသည်။ "အနုပညာ၏မျက်နှာကို ရိပ်ကနဲမြင်လိုက်သလိုလို ထင်မိပါသည်"ဟု အဆုံးသတ်ထားသော်လည်း အတုနှင့်အစစ်ပြဿနာကို အစပြုထားသည်ဟု ခံစားမိသည်။ "မြင်လိုက်သလိုလို"ဟူသော စကားအသုံးအနှုန်းမှာ စာရေးသူ၏လိမ္မာပါးနပ်စွာ အရေးအသားဟု မှတ်သားမိပြီး အတုယူလိုက်နာဖွယ်ဟုလည်း အမြဲသတိရနေတတ်သည်။

ဆရာအောင်သင်း၏ နောက်ဆုံးတင်ပြချက်စာတန်းမှာ "ရွှေယုန်နှင့်ရွှေကျား"ဖြစ်သည်။ မြန်မာလူမျိုးများအတွက် မရှိးနိုင်သော ပုံပြင်ဟုလည်းဆိုပါသည်။ မှန်ပါသည်။ အများသိပုံပြင်ကိုပင် ဆရာက တွေးထောင့် ရှိုးရှိုးမှတစ်ဆင့် ပြောင်းတင်ပြပါသည်။ "အကောင်အထည်ကြီးသော်လည်း ယုန်သူငယ်၏ လှည့်ဖြားနှိပ်စက်ခြင်းကိုခံရရှာသော ရွှေကျားကြီးကိုလည်း မြင်ယောင်ပါသည်"ဟု ဆရာက ရိုးသားစွာဖော်ပြသည်။ "ရွှေယုန်သည် အကောင်ငယ်လေးဖြစ်သောကြောင့် သူ့ကိုချစ်စနိုးရှိပါသော်လည်း လှည့်ဖျားတတ်သောကြောင့် စိတ်ပျက်ရမလိုလို၊ စက်ဆုပ်ရမလိုလိုဖြစ်လာပါသည်။ လူလည်လုပ်လွန်းသောကြောင့် မုန်းရမလိုလိုလည်း ဖြစ်မိပါသည်"ဟူ၍ နှိုင်းယှဉ်ခံစားမှုကိုလည်း ကြားသိရပါသေးသည်။

ရွှေယုန်နှင့် ရွှေကျား ပုံပြင်နှင့် စပျစ်သီးချဉ်သော မြေခွေးပုံပြင်များသည် ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကြီးများကဲ့သို့ လူတို့၏ စိတ်နေစရိုက်အကျင့်အမူကို ဖော်ပြသည်ဟု ဆရာကယူဆသည်။ "ရွှေယုန်နှင့် ရွှေကျားပုံပြင်ကဲ့သို့ မြေခွေးပုံပြင်က မခမ်းနားပါ။ မခမ်းနားသောကြောင့် ဤပုံပြင်ကို အသုံးမဝင်ဟု မပြောသင့်ပါ။ ခမ်းနားသောကြောင့် ပို၍အသုံးကျသည်ဟုလည်း မဆိုသာပါ။ ဆင်ကိုချည်သောထူးနှင့် ကြက်ကိုချည်၍မရသကဲ့သို့ ခမ်းနားလွန်းသောကြောင့် သုံး၍မရသည့်အခါလည်း ရှိပါသည်"ဟူ၍ လည်း ဆက်၍သုံးသပ်ပြပါသေးသည်။

ဘိုးဘွားများမှတစ်ဆင့် မြေးမြစ်များသို့ ပုံပြင်များကို လက်ဆင့်ကမ်းခဲ့ကြသည်မှာ ကြာမြင့်ခဲ့ပြီ။ ပြောင်းလဲတတ်သောသဘောအရ အိမ်ရာဝင်ပုံပြင်များ ပြောမှပြောကြပါသေးရဲ့လားဟူ၍ လည်း သံသယဝင်မိသည်။ သို့သော် တယ်လီဖုန်းဖန်သားပြင်ထက်တွင် ပုံပြင်များကို ဖတ်ရပါသေးသည်။ ကလေးများဖတ်ရန် မိဘလူကြီးများက တိုက်တွန်းနှိုးဆော်ရပါလိမ့်မည်။ မိဘလူကြီးများကိုယ်တိုင်လည်း ပုံပြင်များကို ဖတ်ရန်၊ မှတ်ရန်၊ တွေးဆင်ခြင်ရန် လိုအပ်မည်ဟူ၍ လည်း ထင်မြင်နေမိပါသေးသည်။

ကံ့ကော်မြိုင်စာတန်းပါစာများကို ဆက်လက်တင်ပြရန်ရှိပါသေးသည်။ စာကိုးများမှာ မူရင်းစာအုပ်ပါ စာလုံးပေါင်းများဖြစ်ကြောင်းကိုလည်း လေးစားစွာ အစီရင်ခံအပ်ပါသတည်း။

**ကိုးကား**

– **ကံ့ကော်မြိုင်စာတန်း ပုဂံစာအုပ်တိုက် ၁၉၆၅**

# လားရှိုးမြို့နယ် ခေးနင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လားရှိုး ဇွန် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေးနင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းသတ်မှတ်ချက်များ၊ အတိုးနှုန်းများနှင့် ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကိုပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခေးနင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၅၁၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သိန်း ၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဖြိုးထက်အောင်(ပျော်ဘွယ်)**



# အထူးစောင့်ရှောက်ပေးရန်လိုအပ်သောကလေးများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြပါစို့မနေး

ကလေးတစ်ဦးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံးကာလမှာ သူ့ဘဝ၏ အစောဆုံးနှစ် (မွေးကင်းစမှ ငါးနှစ်) များပင်ဖြစ်သည်။ ကလေးဘဝအရွယ်ကတည်းက ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံကောင်းများရရှိအောင် ဆောင်ရွက်ပေးရန် အထူးလိုအပ်လှသည်။ ဖွံ့ဖြိုးမှုဆိုသည်မှာ ကလေးငယ်တစ်ဦး၏ ပတ်ဝန်းကျင်ရှိ လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုစသည်များနှင့် အတုံ့အပြန်ဆက်ဆံခြင်း၊ စဉ်းစားတွေးတောခြင်း၊ စိတ်လှုပ်ရှားခံစားခြင်း၊ ရွေ့လျားလှုပ်ရှားခြင်း စသည့်တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုခက်ခဲရှုပ်ထွေးသောလုပ်ငန်းအဆင့်များကို ဆောင်ရွက်နိုင်ရန် ဗူးစမ်းမှု၊ သင်ယူမှုပြုလုပ်၍ အကျိုးဆက်ပြောင်းလဲမှုဖြစ်စဉ်ကို ခေါ်ဆိုခြင်းဖြစ်သည်။

**ဖွံ့ဖြိုးမှုမိုင်တိုင်များ**

ကလေးငယ်များသည် သာမန်အားဖြင့် သူ့အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများရရှိလာကြမည်သာဖြစ်သည်။ ဤသည်ကို ဖွံ့ဖြိုးမှုမိုင်တိုင်များ (Mile Stones)ဟု ခေါ်ဆိုကြသည်။ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ကို ၎င်းတို့၏အသက်ရွယ်အလိုက် သိမြင်နားလည်မှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုနယ်ပယ်ဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှုအခြေအနေကိုကြည့်၍ တိုင်းတာစစ်ဆေးအကဲဖြတ်နိုင်သည်။

**မွေးကင်းစမှသုံးလအရွယ်**

ဤအရွယ်တွင် အမြင်အာရုံနှင့် အသံတို့ကို တုံ့ပြန်မှုမပြုခြင်း၊ ရက်သတ္တပတ်အနည်းငယ်ကြီးလာသည့်တိုင် မှောက်လျက်အနေအထားမှ ဦးခေါင်းကိုမမြှောက်နိုင်ခြင်း၊ ဖျတ်လတ်သွက်လက်မှုမရှိခြင်း၊ အားအင်ကုန်ခမ်းနေသလိုတွေ့ရခြင်း၊ နို့စို့ရန်ငြင်းဆန်ခြင်း၊ ဆီးမသွားခြင်း၊ ပုံမှန်မဟုတ်သော ငိုခြင်း (စူးရှသော်လည်း အားနည်းသောငိုသံ၊ သို့မဟုတ် ဆက်တိုက်ငိုကျွေးခြင်း၊ ခိုင်လုံသောအကြောင်းရှာမရဘဲ ငိုကြွေးခြင်း)၊ အသားအရေပြာနှမ်း ဖျော့တော့သွားခြင်း၊ အမြှုပ်များပါသည့် ဝမ်းအရည်များစွာသွားခြင်း၊ ဖျားခြင်း၊ အသက်ရှုပုံ ပုံစံမမှန်ခြင်း စသည့်ထူးခြားသောလက္ခဏာများ။

**သုံးလမှခြောက်လအရွယ်**

ဤအရွယ်တွင် အသံကြားရာသို့လိုက်မကြည့်ခြင်း၊ တောက်ပသောအလင်းရောင်ကို လိုက်မကြည့်ခြင်း၊ အရာဝတ္ထုရွေ့လျားရာသို့လိုက်မကြည့်ခြင်း၊ နှာခေါင်းဖြင့် အသက်မရှူခြင်း၊ မပြုံးတတ်ခြင်း၊ မှောက်လျက်အနေအထားမှခေါင်းမထောင်နိုင်ခြင်း၊ ကလေးအားကိုင်ပေးထားစဉ် ဦးခေါင်းကိုမထိန်းနိုင်ခြင်း၊ ငါးလအရွယ်တွင် ကိုယ်ကိုမလှိမ့်နိုင်ခြင်း၊ လက်နှစ်ဖက်စလုံးဖြင့် မကိုင်တွယ်တတ်ခြင်း၊ ခြောက်လအရွယ်တွင် ဆုပ်ကိုင်ခြင်း၊ ကြောက်လန့်ခြင်းတုံ့ပြန်မှုများပျောက်မသွားခြင်း စသည့်ချို့ယွင်းအားနည်းမှုများ။

**ခြောက်လမှ ဆယ်လအရွယ်**

ဤအရွယ်ကလေးငယ်များသည် သူတို့ဘာသာသူတို့ ထိုင်တတ်၊ မတ်တတ်ရပ်တတ်ရမည့်အရွယ်ဖြစ်သည်။ သို့ရာတွင် ကိုးလသားအရွယ်ထိ ငူးငူးဝါးဝါး အသံမထွက်တတ်သေးခြင်း၊ အရာဝတ္ထုများကို မဆုပ်ကိုင်နိုင်၊ ရောက်အောင်မသွားနိုင်ခြင်း၊ ဆယ်လသားအရွယ်တွင် ကိုယ့်မိသားစုဝင်များနှင့်သူစိမ်းများကြား ကွဲပြားမှုကိုမမှတ်မိခြင်း၊ အကိုင်အတွယ်ရှိလျက်နှင့် မရပ်နိုင်သေးခြင်း စသောဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလွန်းခြင်း။

**ဆယ်လမှနှစ်နှစ်အရွယ်**

ဤအရွယ်သည် လမ်းစလျှောက်ခြင်း၊ စကားစပြောခြင်း၊ ဇွတ်တရွတ်လုပ်တတ်ခြင်းတို့ဖြင့် သူတို့၏ ကိုယ်ပိုင်စွမ်းရည်ကိုရှာဖွေဖော်ထုတ်စပြုသည့်အရွယ်ဖြစ်သည်။ အချို့ကလေးများက ၁၀ လ သို့မဟုတ် ၁၅ လအရွယ်တွင် ပထမဦးဆုံးစကားလုံးကို စတင်

❖ ကလေးငယ်များသည် သာမန်အားဖြင့် သူ့အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများရရှိလာကြမည်သာဖြစ်သည်။ ဤသည်ကို ဖွံ့ဖြိုးမှုမိုင်တိုင်များ (Mile Stones)ဟု ခေါ်ဆိုကြသည်။ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ကို ၎င်းတို့၏အသက်ရွယ်အလိုက် သိမြင်နားလည်မှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုနယ်ပယ်ဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှုအခြေအနေကိုကြည့်၍ တိုင်းတာစစ်ဆေးအကဲဖြတ်နိုင်သည်။ ❖

ပြောဆိုသည်၊ အချို့ကလေးများက ၁၁ လ သို့မဟုတ် ၁၆ လအရွယ်တွင် ပထမဦးဆုံးခြေလှမ်းကို စလျှောက်သည်။ အချို့ကလေးများကမူ ၁၀ လမှ ၁၄ လအတွင်းကတည်းက စကားစပြောခြင်း၊ လမ်းစလျှောက်ခြင်းတို့ကိုလုပ်နိုင်ကြသည်။ သို့ရာတွင် ၁၂ လအရွယ်ရောက်သည့်တိုင် လေးဖက်တွား သို့မဟုတ် ဖင်တရွတ်တိုက်မသွားတတ်သေးခြင်း၊ ရုပ်ပုံများကို မကြည့်တတ်၊ မညွှန်ပြတတ်သေးခြင်း၊ ဖွက်ထားသောပစ္စည်းများကို မရှာဖွေတတ်သေးခြင်း၊ ၁၅ လအရွယ်ရောက်သည့်တိုင် စကားလုံးအနည်းငယ်မျှမပြောတတ်သေးခြင်း စသောဖွံ့ဖြိုးမှုနှေးကွေးလွန်းခြင်း။

**နှစ်နှစ်မှ သုံးနှစ်အရွယ်**

ဤအရွယ်သည် ကလေးတစ်ယောက် ပြောင်းလဲမှုများစွာဖြစ်ပေါ်သောအရွယ်ဖြစ်သည်။ နှစ်နှစ်သားအရွယ်တွင် အပြုအမူတစ်ခုတည်းကို ကြိမ်ဖန်များစွာ ထပ်တလဲလဲ အချိန်အကြာကြီး ပြုမူနေတတ်ခြင်း၊ (ဥပမာ- သူ့ခေါင်းနှင့်နံရံကို အကြာကြီးဆောင့်နေခြင်း)၊ ရင်းနှီးထိတွေ့နေသောအရာဝတ္ထုပစ္စည်းများ၏ အမည်များကို မသိခြင်း သို့မဟုတ် စကားလုံးနှစ်လုံးမျှသာပါဝင်သောဝါကျများကိုပင် မပြောတတ်ခြင်း၊ ကစားစရာကား၊ မြင်းစသည်တို့ကိုသတိမမူတတ်ခြင်း၊ သုံးနှစ်အရွယ်ရောက်သည့်တိုင် စကားပြောနှင့်တူသော အသံပုံစံများ၊ အနိမ့်အမြင့်များကိုအတုခိုးပြောနိုင်မှု မရှိခြင်း၊ ဇွန်းကိုအသုံးပြု၍ အစာမစားတတ်ခြင်း၊ အရာဝတ္ထုပစ္စည်းတစ်ခုခုကို ကောက်ယူရန်အလို့ငှာ ဆောင့်ကြောင့်ထိုင်မချတတ်ခြင်း စသည့်အထူးအလေးထားသင့်သည့်ဖွံ့ဖြိုးမှုနောက်ကျခြင်း။

**သုံးနှစ်မှငါးနှစ် (မူကြိုအရွယ်)**

ဤအရွယ်တွင် လွတ်လပ်ပေ့ါပါးစွာ မြူးထူးပျော်ပါး ဆော့ကစားတတ်သင့်ပြီ။ ဂီတသံစဉ်နှင့်အတူ လှုပ်ရှားကခုန်တတ်သင့်ပြီ။ ခွဲတတ်ခွဲ့တတ်၍ ပလီပလာ တီတီတာတာပြောတတ်ဆိုတတ်သင့်ပြီ။ အမေးအမြန်းထူ၍ အရိုးရှင်းနှင့်အဆန်းကျယ်ဆုံးစိတ်ကူးစိတ်သန်းများကို ပြောတတ်သူဖြစ်သင့်ပြီ။ ယောက်ျားလေး၊ မိန်းကလေးခွဲခြားသိရှိခြင်း၊ မိတ်ဆွေဖွဲ့တတ်လာခြင်း၊ ကစားရင်းပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အလှည့်ကျစောင့်ခြင်း၊ မျှဝေခံစားခြင်းတို့ကို လုပ်တတ်သင့်ပြီဖြစ်သည်။

ဤကဲ့သို့မဟုတ်ဘဲ အခြားသောသက်တူရွယ်တူ ကလေးများနှင့်မတူ တစ်မူထူးခြားသောပြုမူပြောဆို၊ ကျင့်ကြံဆက်ဆံမှုများရှိနေပြီဆိုလျှင် ရှေးဦးစွာ မည်သည့်အပိုင်းက ဖွံ့ဖြိုးမှုနောက်ကျနေသည် သို့မဟုတ် မည်သို့သော မသန်စွမ်းမှုအမျိုးအစားဖြစ်သည်ကို ကျွမ်းကျင်သောပညာရှင်များ၏အကူအညီဖြင့် ဖော်ထုတ်ပြီး အထူးဂရုစိုက်ပြုစုစောင့်ရှောက်ပေးရန် လိုအပ်မည်ဖြစ်သည်။

**ကမ္ဘာတစ်ဝန်း ဉာဏ်ရည်မသန်စွမ်းသူများတိုးပွားနေ**

မြန်မာနိုင်ငံ၌ မွေးဖွားလာသောကလေးသူငယ်ပေါင်း ၁၀၀၀ တွင် ၅၉ ဦးမှာ မွေးဖွားစဉ်ကပင် ချို့ယွင်းမှုဖြင့် မွေးဖွားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၂ ဒသမ ၃ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြသည်။ ၎င်းတို့အနက် ရှစ်သိန်းသုံးသောင်းကျော်သည် ဉာဏ်ရည်မသန်စွမ်းသူများဖြစ်ကြပြီး ၎င်းတို့အနက် ကိုးသောင်းကျော်မှာ ကျောင်းနေအရွယ် မသန်စွမ်းသူများဖြစ်ကြသည်။ ကမ္ဘာတစ်ဝန်း ဉာဏ်ရည်မသန်စွမ်းသူဦးရေ တိုးပွားများပြားလျက်ရှိရာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ တစ်ရာခိုင်နှုန်းသည် အော်တစ်ဇင် (Autism) များဖြစ်ကြသည်။ အာဆီယံနိုင်ငံများရှိ လူဦးရေ ၆၅၂ သန်းခန့်အနက် အော်တစ်ဇင် ခြောက်သန်းခန့်ရှိသည်။ ကလေး ၆၈ ဦးမွေးဖွားတိုင်း အော်တစ်ဇင်ကလေးတစ်ဦး ပါရှိလာသည်။ မြန်မာနိုင်ငံတွင်လည်း ကလေး ၄၅ ဦးမွေးဖွားလျှင် အော်တစ်ဇင်ကလေးငယ်တစ်ဦးပါရှိသည်ဟု သိရသည်။ နှစ်စဉ် ဧပြီ ၂ ရက်ကို ကမ္ဘာ့အော်တစ်ဇင်နေ့ဟု သတ်မှတ်ရလောက်သည်အထိ ဖြစ်ပွားမှုနှုန်းတိုးနေခြင်းမှာ ရင်လေးဖွယ်ကောင်းလှပေသည်။

**မူဝါဒချမှတ်ဆောင်ရွက်**

မြန်မာနိုင်ငံတွင် (မွေးကင်းစမှ ရှစ်နှစ်) ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး (Early Childhood Care and Development-ECCD) ဆိုင်ရာမူဝါဒကို ၂၀၁၄ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုက်သင့်သော အောင်မြင်မှုအရိပ်အယောင်ကောင်းများကိုလည်း တွေ့မြင်နေရပြီဖြစ်သည်။ အဆိုပါမူဝါဒပါ မဟာဗျူဟာ (၃) အရ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေး (Early Childhood Intervention – ECI) ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၇-၂၀၂၁) ကို ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ECI ရွှေ့ပြောင်းစီမံချက်နယ်မြေလေးခုတွင် စတင်ဆောင်ရွက်ခဲ့ရာ အသက်ခြောက်လမှ ငါးနှစ်အရွယ်ကလေး ၇၇၀၂ ဦးကို ဖွံ့ဖြိုးမှုတိုင်းတာစစ်ဆေးပြီးဖြစ်သည်။

**မသန်စွမ်းပုဂ္ဂလိကပညာသင်အထူးကျောင်း၊ ဌာနများပေါ်ထွန်းလာ**

အထူးသဖြင့် မွေးကင်းစမှ အသက်ခြောက်နှစ်အရွယ် အထူးစောင့်ရှောက်ရန်လိုအပ်သော ကလေးအရေအတွက်များပြားလာပြီဖြစ်သော်လည်း ၎င်းတို့ကို စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်မည့် ဆရာ၊ ဆရာမများ၊ ကျောင်း၊ ဌာနများကား အလွန်ရှားပါးလှသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ အခန်း (၁၃) ပါပြဋ္ဌာန်းချက်အရ လူမှုဝန်ထမ်းဦးစီးဌာနက မသန်စွမ်းပုဂ္ဂလိကပညာသင်အထူးကျောင်း၊ဌာနများကို တည်ထောင်ခွင့်ပြုထားပြီးဖြစ်သည်။ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုအချိန်ထိ ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံမြို့သစ် (မြောက်ပိုင်းမြို့နယ်) Flowers Special Education and Physiotherapy Centreအပါအဝင် (၁၅) ကျောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ချမ်းမြသာစည်မြို့နယ်ရှိ "STAR" Special Education Centre အပါအဝင် သုံးကျောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် Bright Kids Special Needs Children Center တစ်ကျောင်း စုစုပေါင်း ၁၉ ကျောင်းပေါ်ထွန်းလာပြီဖြစ်၍ အထူးပြုစုစောင့်ရှောက်ပေးရန် လိုအပ်သောကလေးမိဘများနှင့်ထပ်တူအားတက်ကြည်နူးမိသည်။

**ကျွမ်းကျင်ပညာရှင်များရရှိရေး**

မြန်မာနိုင်ငံရှိ ရှေးဦးအရွယ်ကလေးသူငယ်များအားလုံး တစ်ဦးတစ်ယောက်မျှကျန်ရှိမနေဘဲ ရှင်သန်ဖွံ့ဖြိုးကြီးထွားလာရေးအတွက် လိုအပ်သောဥပဒေနှင့် နည်းဥပဒေများ၊ အမျိုးသားအဆင့်မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲချမှတ်ထားပြီးဖြစ်သည်။ သို့ရာတွင် အထူးပြုစုစောင့်ရှောက်ပေးရန် လိုအပ်သော ကလေးများ၏ဘဝကို တစ်ဆင့်ပြီးတစ်ဆင့် စိတ်ရှည်လက်ရှည်မြှင့်တင်ပေးနိုင်ရန် ECI ကျွမ်းကျင်ပညာရှင်များစွာလိုအပ်သည်။ အထူးသဖြင့် မွေးစမှ အသက် ငါးနှစ်အရွယ်ကလေးများကို ထိရောက်စွာဝန်ဆောင်မှုပေးနိုင်မည့် စကားပြောကုထုံးပညာရှင်များ (Speech/Language Therapists)၊ အနုစိတ်ကုထုံး၊ လက်မှုပညာဖြင့် ကုသသောပညာရှင်များ (Occupational Therapist) နှင့်ရုပ်ပိုင်းကုထုံးပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် တက္ကသိုလ်အဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့် ပညာရေးအစီအစဉ်များ ထူထောင်မှုဖြစ်မည်။ သို့မှသာ ထိုမှထွက်ပေါ်လာသော ဘာသာရပ်ဆိုင်ရာ အထူးကျွမ်းကျင်သူများက ၎င်းတို့ရရှိထားသောအသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို ဆင့်ပွားမျှဝေပေးနိုင်မည်။ ဤသို့ဖြင့် ECI ဆိုင်ရာပညာရေးနှင့် လေ့ကျင့်သင်တန်းပေးရေးဆိုင်ရာ အရင်းအမြစ်များကြွယ်ဝလာသည်နှင့်အမျှ ဆက်လက်ဖော်ဆောင်ရန်ရှိသော ECI ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်မည်မှာ မလွဲပေ။

**ဆောလျင်စွာကူညီဆောင်ရွက်ပေး**

အချုပ်အားဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (ECI) ဆိုင်ရာ လုပ်ငန်းများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ဌာနအဖွဲ့အစည်းတစ်ခုတည်းကသာ နားလည်သိရှိဆောင်ရွက်ရုံဖြင့် မလုံလောက်နိုင်ပေ။ အဓိကအားဖြင့် ကလေးငယ်များနှင့်နီးစပ်စွာထိတွေ့ဆက်ဆံနေရသော မိဘ၊ ဆရာများအားလုံးက မည်သို့မည်ပုံပြုစုစောင့်ရှောက်ရမည်ဟူသည့်နည်းစနစ်များကို လေ့လာသိရှိထားရန်လိုသည်။ မိမိတို့နိုင်ငံရှိ ကလေးသူငယ် လူမမည်လေးများအားလုံးကို ပန်းလိုစိုက်ပျိုး၊ ပိုးလိုမွေးမြူကြရန် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။ သို့ဖြစ်ရာ အထူးစောင့်ရှောက်ပေးရန်လိုအပ်သော ကလေးများပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဆောလျင်စွာ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ကိုးကား**


- **Myanmar Policy for ECCD (2014)**
- **National Strategic Plan for the ECI (2017-2021)**
- **ဒေါက်တာတင်မောင်ထွေး(ဒေါက်ထွေး ဆေး-မန်း)၏ "ကလေးသူငယ်ပြုစုပျိုးထောင်နည်း" (၂၀၀၄)**


ကြည်ထွန်း(လူမှု)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။


၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# MAI လေကြောင်းလိုင်းက ရန်ကုန်နှင့် မန္တလေးမြို့တို့မှ ထိုင်းနိုင်ငံ ဒုံမူယန်လေဆိပ် တိုက်ရိုက်ခရီးစဉ်ကို တိုးချဲ့ပျံသန်းပြေးဆွဲမည်



**ရန်ကုန် ဇွန် ၂၉**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MAI)က ရန်ကုန်နှင့် မန္တလေးမြို့တို့မှ ထိုင်းနိုင်ငံ ဒုံမူယန်လေဆိပ်သို့ တိုက်ရိုက်ခရီးစဉ်ကို တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ ဇွန် ၂၈ ရက် ထုတ်ပြန်သတင်းများအရ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း(MAI) သည် ထိုင်းနိုင်ငံ ဒုံမူယန်လေဆိပ်သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲပေးခြင်းကို ၂၀၁၅ ခုနှစ် ဇွန် ၁၅ ရက်မှ စတင်ပျံသန်းပြေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်-ဒုံမူယန်-မန္တလေး-ဒုံမူယန်-ရန်ကုန် ခရီးစဉ်အဖြစ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနေ့တို့တွင် Embraer E190s အမျိုးအစားလေယာဉ်ဖြင့် ပျံသန်းပြေးဆွဲပေးနေပြီး ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် Airbus A319s အမျိုးအစား လေယာဉ်များဖြင့် ပျံသန်းပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်ကို လာမည့် ဇူလိုင် ၁၄ ရက်မှစတင်၍ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း (MAI) သည် ဇူလိုင် ၁၄ ရက်မှစ၍ ရန်ကုန်-ဒုံမူယန်-မန္တလေး-ဒုံမူယန်-ရန်ကုန်ခရီးစဉ်ကို နေ့စဉ်ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်မှ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ထွက်ခွာကာ ထိုင်းနိုင်ငံ ဒုံမူယန်လေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ဒုံမူယန်လေဆိပ်မှ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ထွက်ခွာကာ မန္တလေးမြို့သို့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးမှ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာကာ ဒုံမူယန်လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည် ဖြစ်ပြီး ထိုင်းနိုင်ငံ ဒုံမူယန်လေဆိပ်မှ ဒေသစံတော်ချိန် ည ၆ နာရီ ၁၀ မိနစ်တွင်ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# မြစ်သားမြို့နယ်၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြစ်သား ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် နွားကူးလေးကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၈ ရက် ညနေ ၄ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြစ်သားမြို့နယ် ရွာသစ်ကျေးရွာတွင် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးပါက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# စနေနေ့ညမှာကစားမဲ့ ကွန်ကာကပ်ဂိုးကပ်ပွဲစဉ်မှာ မပြစ်မနေနိုင်ပွဲရှာရမဲ့ ကော်စတာရီကာအသင်း၊ ကနေဒါအသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ်စနေနေ့မှာလဲ ၂၀၂၃ ကွန်ကာကပ်ဂိုးကပ်ပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေ ဆက်လက်ကစားမှာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာတော့ အမေရိကန်၊ ကနေဒါ၊ ကော်စတာရီကာတို့လို အသင်းတွေနိုင်ပွဲပျောက်ဆုံးခဲ့ပြီး မထင်မှတ်တဲ့ရလဒ်တွေထွက်ပေါ်ခဲ့တာကြောင့် အခုတစ်ပတ်မှာ ပြိုင်ပွဲတိုင်းကို သတိကြီးစွာနဲ့ချဉ်းကပ်ရမှာပါ။ အထူးသဖြင့် ဂိုးကပ်ပြိုင်ပွဲမှာ အသင်းကြီးတွေဟာ အဓိက ကစားသမားတွေကို အနားပေးထားပြီး ကစားနေတာကြောင့် မထင်မှတ်တဲ့ရလဒ်တွေ ထွက်ပေါ်ခဲ့ပေမဲ့ လာမဲ့အုပ်စုဒုတိယပွဲစဉ်မှာတော့ မဖြစ်မနေနိုင်ပွဲရှာရမဲ့အသင်းနဲ့ အစဉ်အလာကောင်းတဲ့အသင်းတွေကိုသာ အားပေးရမှာပါ။

**ကော်စတာရီကာအသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ဂိုးကပ်ပြိုင်ပွဲရဲ့အုပ်စုပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အယ်ဆာဗေဒိုးနဲ့ ကော်စတာရီကာတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ဂိုးကပ်ပြိုင်ပွဲ အုပ်စု(C)မှာ ပနားမား၊ မာတီနီကွီတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့ပေမဲ့ အဖွင့်ပွဲစဉ်မှာတော့ နှစ်သင်းစလုံး မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ကော်စတာရီကာအသင်းဟာ ကမ္ဘာ့အဆင့်(၃၉)မှာရောက်ရှိနေတာကြောင့် ကမ္ဘာ့အဆင့်(၇၅)မှာရောက်နေတဲ့ အယ်ဆာဗေဒိုးအသင်းထက် ဘောလုံးအဆင့်အတန်းပိုမိုမြင့်မားတဲ့အသင်းဖြစ်တာကို တွေ့ရမှာပါ။ ဒါ့ပြင် ကော်စတာရီကာအသင်းဟာ ဂိုးကပ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲလေးကြိမ်ထိ တက်ရောက်နိုင်ခဲ့ပြီး ၁၉၈၉၊ ၁၉၆၉၊ ၁၉၆၃ ခုနှစ်တွေမှာ ဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်မှာတော့ ဗိုလ်လုပွဲတက်ရောက်ခဲ့ပေမဲ့ ဗိုလ်လုပွဲမှာ အမေရိကန်အသင်းနဲ့ တွေ့ဆုံခဲ့ရာမှာ နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့လို့ ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရတာကို တွေ့ရမှာပါ။

လက်ရှိ ကော်စတာရီကာအသင်းဟာ အခုအုပ်စုမှာ ဘောလုံးအဆင့်အတန်းနဲ့ ကစားသမားစုဖွဲ့မှုအကောင်းဆုံးဖြစ်ပေမဲ့ အုပ်စုအဖွင့်ပွဲစဉ်မှာတော့ ပနားမားအသင်းကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပနားမားအသင်းကို ပထမပိုင်း ၂၃ မိနစ်မှာတစ်ဂိုး ဒုတိယပိုင်း ၆၈ မိနစ်မှာတစ်ဂိုး ခွင့်ပြုခဲ့ရပြီး နောက်ပိုင်း ချေပဂိုးရရှိဖို့ ကြိုးစားနေတဲ့ ကော်စတာရီကာဟာ နောက်ဆုံးအချိန်ထိ ဖိအားပေးနိုင်ခဲ့တာကြောင့် ပွဲချိန် မိနစ် ၉၀ ကျော်မှာ လူစားဝင်ကစားသမား အာရွှန်ဆွာရက်စ်ရဲ့ သွင်းဂိုးကြောင့် ချေပဂိုးရရှိခဲ့ပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ရတာဖြစ်ပါတယ်။

ကော်စတာရီကာအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်မှာ ခြေစွမ်းပိုင်းကျဆင်းသွားသလို လက်ရှိကစားသမားတွေကလဲ နိုင်ငံအတွင်းကလပ်အသင်းတွေက ကစားသမားတွေသာဖြစ်နေတာကြောင့် စုဖွဲ့မှုပိုင်းက အရင်ကထက် အားနည်းသွားတာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြက ၂၀၂၁ ခုနှစ်ကတည်းက အသင်းနဲ့လက်တွဲခဲ့တာဖြစ်ပြီး အသင်းကိုကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းတိုက်စစ်ကိုတော့ ဂျိုးလ်ကမ်းဘဲ ဦးဆောင်နေသလို သူဟာနိုင်ငံအသင်းနဲ့ကစားခဲ့တဲ့ ပြိုင်ပွဲစုံမှာ ၂၆ ဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အယ်ဆာဗေဒိုးအသင်းကလဲ အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့ အသင်းဖြစ်သလို ပြီးခဲ့တဲ့ ပွဲစဉ်မှာလဲ မာတီနီကွီလိုအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဂိုးကပ်ပြိုင်ပွဲမှာ အောင်မြင်မှုတစ်ကြိမ်မှ မရခဲ့ပေမဲ့ ၁၉၈၁ ခုနှစ်နဲ့ ၁၉၆၃ ခုနှစ်တွေမှာတော့ ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ မာတီနီကွီအသင်းဟာ ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး အယ်ဆာဗေဒိုးအသင်းကို တန်ပြန်တိုက်စစ်ဖြင့်သာကစားခဲ့ပေမဲ့ ပထမပိုင်း ပွဲချိန် ၁၁ မိနစ်နဲ့ ၁၆ မိနစ်မှာ ဦးဆောင်ဂိုးတွေပေးလိုက်ရလို့ ဖိအားအောက်ရောက်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒုတိယပိုင်းမှာတော့ အယ်ဆာဗေဒိုး တိုက်စစ်မြှင့်တင်ကစားပြီး ဖိအားပေးနိုင်ခဲ့တာကြောင့် မာတီနီကွီအနီကတ်နဲ့တစ်ယောက်လျော့ခဲ့ရပေမဲ့ ခံစစ်ကစားပုံကို အကောင်းဆုံးတည်ဆောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ပွဲချိန် ၈၃ မိနစ်မှာ အယ်ဆာဗေဒိုး ပင်နယ်တီကန်သွင်းခွင့်ရပေမဲ့ မာတီနီကွီဂိုးသမားကာကွယ်နိုင်ခဲ့လို့ ချေပဂိုးမရခဲ့ပေမဲ့ နာကျင်အချိန်ပို မိနစ် ၉၀ ကျော်မှာတော့ ပင်နယ်တီနောက်တစ်ကြိမ်ထပ်ရခဲ့ရာမှာ တိုက်စစ်မှူး တာမာကက်စ်ကန်သွင်းခဲ့ပြီး ဂိုးရခဲ့တာကြောင့် အယ်ဆာဗေဒိုး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

သူတို့အသင်းကိုတော့ လက်ရှိနိုင်ငံအတွင်းမှာကစားနေတဲ့ ကစားသမားအများစုနဲ့သာ စုဖွဲ့ထားတာကြောင့် ကော်စတာရီကာနဲ့ယှဉ်ရင် ကစားသမားအင်အားနည်းပါးတာကို တွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းကစားပုံကလဲ ခံစစ်အသားပေးကစားတဲ့အသင်းဖြစ်တာကြောင့် ကော်စတာရီကာလို တိုက်စစ်ကောင်းတဲ့ အသင်းကိုတော့ ပွဲချိန်ပြည့်တားဆီးနိုင်ဖို့ခက်ခဲမှာပါ။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် အရေးကြီးနေပေမဲ့ နောက်ပိုင်းနှစ်တွေမှာ အုပ်စုအဆင့်က အမြဲတမ်းကျော်ဖြတ်နိုင်ပြီး တွေ့ဆုံမှုမှာအသာရနေတဲ့ ကော်စတာရီကာအသင်းကိုပဲ အားပေးရမှာပါ။

**အယ်ဆာဗေဒိုးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်ဆာဗေဒိုး | ၀ | - | ၁ | ဟွန်ဒူးရပ်စ် |
| အမေရိကန် | ၀ | - | ၁ | အယ်ဆာဗေဒိုး |
| ဂျပန် | ၆ | - | ၀ | အယ်ဆာဗေဒိုး |
| တောင်ကိုရီးယား | ၁ | - | ၁ | အယ်ဆာဗေဒိုး |
| အယ်ဆာဗေဒိုး | ၁ | - | ၂ | မာတီနီကွီ |

**ကော်စတာရီကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာတီနီကွီ | ၁ | - | ၂ | ကော်စတာရီကာ |
| ကော်စတာရီကာ | ၀ | - | ၁ | ပနားမား |
| ဂွါတီမာလာ | ၁ | - | ၀ | ကော်စတာရီကာ |
| အီကွေဒေါ | ၃ | - | ၁ | ကော်စတာရီကာ |
| ကော်စတာရီကာ | ၁ | - | ၂ | ပနားမား |

**ကနေဒါအသင်းကို ရွေးချယ်ရမှာပါ**

ကွန်ကာကပ်ဂိုးကပ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်က နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဂွါတီမာလာနဲ့ ကနေဒါအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ဂိုးကပ်ပြိုင်ပွဲ အုပ်စု(D)မှာ ကျူးဘား၊ ဂွါဒီလုအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဥရောပကလပ်အသင်းငယ်တွေမှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားတွေ ပါဝင်နေသလို တိုက်စစ်ပိုင်းမှာလဲ ရှုဘင်၊ မာအီဂျာတို့လို အတွေ့အကြုံရှိတဲ့ ကစားသမားတွေပါဝင်နေတာကြောင့် ကစားပုံမှာကျော့မှုရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ ခြေရည်တူအသင်းဖြစ်တဲ့ ကျူးဘားကိုဘောလုံးပိုင်ဆိုင်မှုအသာ ထိရောက်တဲ့ဂိုးပေါက်ကန်သွင်းမှုအသာနဲ့ ကစားနိုင်ခဲ့လို့ ပွဲကစားချိန် ၄၈ မိနစ်မှာ တိုက်စစ်မှူး ဒါဝင်လွှမ်က ဦးဆောင်ဂိုးရရှိခဲ့ပြီး ကျူးဘားအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့အဆင့်(၁၁၆)မှာရောက်ရှိနေတာကြောင့် ဘောလုံးအဆင့်အတန်းနိမ့်ကျပေမဲ့ အခုအုပ်စုမှာ ကနေဒါပြီးရင် ဒုတိယမြောက် ဘောလုံးစွမ်းဆောင်ရည်ကောင်းတဲ့ အသင်းဖြစ်တာကို သတိပြုရမှာပါ။ ဒီကစားကွက်မှာ တိုက်စစ်ကစားသမားတွေ ခြေစွမ်းပြနိုင်ပေမဲ့ ကစားအားကောင်းတဲ့ အသင်းတွေနဲ့ဆို ခံစစ်ပိုင်းအားနည်းချက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ နှစ်ပွဲနိုင် သုံးပွဲရှုံးထားပြီး တိုက်စစ်ပိုင်းက နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းမှာတော့ တိုက်စစ်မှူး ဒါဝင်လွှမ်က သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြနေတာဖြစ်ပါတယ်။ ဂွါတီမာလာအသင်းဟာ ဂိုးကပ်ပြိုင်ပွဲသမိုင်းမှာတော့ ၁၉၆၇ ခုနှစ်မှာ ဆုဖလား တစ်ကြိမ်ရရှိခဲ့ပြီး ၁၉၆၉၊ ၁၉၆၅ ခုနှစ်တွေမှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ အုပ်စုအဆင့်နဲ့သာ လှည့်ပြန်ခဲ့ရတာများနေပြီး ၂၀၀၇ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်နှစ်ကြိမ်သာ ကွာတားဖိုင်နယ်ထိ အမြင့်ဆုံးရောက်ရှိခဲ့တာဖြစ်ပါတယ်။

ကနေဒါအသင်းဟာ အခုပြိုင်ပွဲမှာ ဆုဖလားရဖို့ ရေပန်းစားနေတဲ့ အသင်းမှာ အမေရိကန်၊ မက္ကဆီကို ပြီးရင် တတိယမြောက်အသင်းအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းကိုတော့ ဥရောပကလပ်အသင်းတွေမှာ ကစားနေတဲ့ကစားသမားအများစုနဲ့ စုဖွဲ့ထားတာဖြစ်ပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ တိုက်စစ်ပိုင်းမှာ ကာဗယ်လီနီ၊ ဟိုက်လက်တို့နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ကနေဒါအသင်းက အသင်းလိုက်ကစားအားကောင်းပေမဲ့ အပိုင်အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကြောင့် နှစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဲဒီပွဲစဉ်မှာ ဂွါဒီလုလိုအသင်းကို ဦးဆောင်ဂိုးပေးလိုက်ရပြီးမှ နောက်ကနေ လိုက်ကစားခဲ့ရတာတဲ့ ခြေစွမ်းပိုင်းကိုတော့သတိပြုရမှာပါ။ ကနေဒါအသင်းဟာ ဂိုးကပ်ပြိုင်ပွဲ သမိုင်းမှာ နှစ်ကြိမ်သာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပေမဲ့ နှစ်ကြိမ်စလုံး ဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၀၀ ပြည့်နှစ် ချန်ပီယံဆုရယူပြီးနောက်ပိုင်း တတိယတစ်ကြိမ်၊ ဆီမီးဖိုင်နယ်နှစ်ကြိမ်၊ ကွာတာဖိုင်နယ်နှစ်ကြိမ် တက်ရောက်နိုင်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲသုံးကြိမ်ဆက်တိုက် အနိမ့်ဆုံးကွာတားအဆင့်ထိရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ကနေဒါအသင်းကစားပုံက အားနည်းချက်ရှိနေတာဖြစ်ပြီး တိုက်စစ်ပိုင်းကတော့ ပုံမှန်ခြေစွမ်းရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဂွါတီမာလာအသင်းနဲ့ခြေစမ်းပွဲတစ်ကြိမ်သာတွေ့ဆုံခဲ့ပေမဲ့ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့သလို ကစားသမားစုဖွဲ့မှုမှာလဲ ကနေဒါက အရန်ကစားသမားတွေဖြစ်နေရင်တောင် ဂွါတီမာလာလိုအသင်းကို နိုင်ပွဲ ရယူနိုင်စွမ်းရှိတာကြောင့် နောက်တစ်ဆင့်တက်ရောက်ဖို့ ကြိုးပမ်းလာမဲ့ ကနေဒါအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဂွါတီမာလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မက္ကဆီကို | ၂ | - | ၀ | ဂွါတီမာလာ |
| ဂွါတီမာလာ | ၀ | - | ၁ | ထရီနီဒက်နှင့်တိုဘာဂို |
| ဂွါတီမာလာ | ၁ | - | ၀ | ကော်စတာရီကာ |
| ဂွါတီမာလာ | ၀ | - | ၁ | ဗင်နီဇွဲလား |
| ဂွါတီမာလာ | ၁ | - | ၀ | ကျူးဘား |

**ကနေဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကျူရာကာအို | ၀ | - | ၂ | ကနေဒါ |
| ကနေဒါ | ၄ | - | ၁ | ဟွန်ဒူးရပ်စ် |
| ပနားမား | ၀ | - | ၂ | ကနေဒါ |
| ကနေဒါ | ၀ | - | ၂ | အမေရိကန် |
| ကနေဒါ | ၂ | - | ၂ | ဂွါဒီလု |

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန်အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများအနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ် မေလထိ သွင်းကုန်ကဏ္ဍတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို အများဆုံးတင်သွင်းဆောင်ရွက်ခဲ့



**နေပြည်တော် ဇွန် ၂၉**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ် မေလထိ ပြည်ပသွင်းကုန်ကဏ္ဍတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို အများဆုံးတင်သွင်း ဆောင်ရွက်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွင်းကုန်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စု၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းအုပ်စုများ တင်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသွင်းကုန်အုပ်စုများ တင်သွင်းဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်မှ ယခုဘဏ္ဍာနှစ် မေလထိ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို အများဆုံးတင်သွင်းဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

ထိုသို့တင်သွင်းဆောင်ရွက်ပေးခဲ့ရာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သွင်းကုန်ရငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၀၄၉ ဒသမ ၃၄၂ သန်းရရှိခဲ့ရာ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄၉၀၄ ဒသမ ၃၆၇ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ ၅၃၉ ဒသမ ၄၅၆ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၄၄၃ ဒသမ ၈၂၃ သန်းဖြင့် အများဆုံးတင်သွင်းဆောင်ရွက်ခဲ့သည်။

၂၀၂၁-၂၀၂၂ မိနီဘတ်ဂျက်ကာလတွင် သွင်းကုန်ရငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆၂၇၃ ဒသမ ၄၁၇ သန်းရရှိခဲ့ရာ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၅၃၂ ဒသမ ၁၁၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၄၉ ဒသမ ၆၀၂ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၈၈၁ ဒသမ ၇၃၀ သန်းဖြင့်အများဆုံး တင်သွင်းဆောင်ရွက်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သွင်းကုန်ရငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃၉၇၂ ဒသမ ၈၉၉ သန်းရရှိခဲ့ရာ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈၁၂၃ ဒသမ ၄၆ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈၂၉ ဒသမ ၆၅၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၉၅၃ ဒသမ ၁၁၄ သန်းဖြင့် အများဆုံးတင်သွင်းဆောင်ရွက်ခဲ့သည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း သွင်းကုန်ရငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃၂၂ ဒသမ ၉၂၇ သန်းရရှိခဲ့ရာ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၄၇၉ ဒသမ ၆၀၄ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၄၄၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆၆၈ ဒသမ ၀၄၆ သန်းဖြင့် အများဆုံးတင်သွင်းခဲ့ရကြောင်း သိရသည်။

SKL

## ညောင်လေးပင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**ညောင်လေးပင် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် အလယ်ရွာကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**



ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်
အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## အများသိစေရန် ကြေညာခြင်း

ဒေါ်သွယ်သွယ်အောင် (ဘ) ဦးစက်ဝင့် မှတ်ပုံတင်အမှတ် (၉/အမရ(နိုင်)၁၀၅၉၇၇၉)မှ ဦးသက်ခိုင်ဦး(ခ)ကိုနိုင် (ဘ) ဦးထွန်းဝင်း မှတ်ပုံတင် အမှတ် (၉/အမရ(နိုင်)၁၁၄၅၃၃)အပေါ် အမရပူရမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၆/၂၀၂၃ဖြင့် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ပါသည်။ ထိုအမှုတွင် (တရားလို) ဒေါ်သွယ်သွယ်အောင် သည် (တရားပြိုင်) ဦးသက်ခိုင်ဦး(ခ)ကိုနိုင် နှင့် လင်မယားအဖြစ်မှ ကွာရှင်းခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ တစ်ဖက်သတ်ဒီကရီ ချမှတ်ပေးခဲ့ပါသည်။ ထို့ကြောင့် ကျွန်မ ဒေါ်သွယ်သွယ်အောင် သည် ဦးသက်ခိုင်ဦး (ခ) ကိုနိုင် နှင့် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သွယ်သွယ်အောင် (ဘ) ဦးစက်ဝင့်**
**(၉/အမရ(နိုင်)၁၀၅၉၇၇၉)**

## ဝန်ထမ်းအလိုရှိသည်
## Sky Blue Co.,Ltd

(၁) **အမျိုးသမီး (၅)ဦး**
- အသက် (၂၀) မှ (၂၆)နှစ်အတွင်း
- နယ်ထွက်နိုင်ရမည်။

(၂) **အမျိုးသား (၅)ဦး**
- ကုန်ကားမောင်းနိုင်ရမည်။
- အသက် (၂၅) မှ (၃၅)နှစ်အတွင်း
- ယာဉ်မောင်းလိုင်စင်ရှိရမည်။

လိပ်စာ-၅၁×၅၂၊ ၁၁၄(D)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။
ဖုန်း- 09-777577706 , 09-975613251

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## Wild Man BBQ မှ
## ဝန်ထမ်းအလိုရှိသည်

(1) မန်နေဂျာ ကျား (၂)ဦး
(2) စာရေးမ (၂)ဦး (စားရိတ်ငြိမ်း/မငြိမ်း)
(3) ဝိတ်တာ ကျား/မ (၆)ဦး (စားရိတ်ငြိမ်း/မငြိမ်း)
(4) အထွေထွေလုပ်သား (၄)ဦး

ဆက်သွယ်ရန် 09-400537888

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ မကျီးစုရွာနေ ကိုကိုမောင် (ဘ) ဦးစိန်လှ (၉/မခန(နိုင်) ၂၃၃၁၀၂) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-522597) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၈၃၂၆၇၀၀၆**

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်းပညာရှိပြီး မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေကို နည်းစနစ်တကျပြုပြင်အသုံးပြုရန်၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရန်၊ မှန်ကန်သည့်စိုက်နည်းစနစ်ရှိရန်နှင့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြင့် ထည့်သွင်းအသုံးပြုရန်လိုအပ်မည်ဖြစ်...**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

# ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ ဒုတိယအကြိမ်ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများကို ဒုတိယအကြိမ် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါ မုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သောမျိုးစပါးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ စီမံလမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်သည့် မျိုးစပါးများကို တင်ပို့ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေမှ ဝယ်ယူခဲ့သည့် GW-11 မျိုးစပါး ၁၄၄၂၅ တင်းကို တပ်မတော်မော်တော်ယာဉ် ၆၅ စီးဖြင့်လည်းကောင်း၊

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုယက်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံ့အိတ်တံတားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

စာမျက်နှာ - ၂၃

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မဇ္ဈူဝင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com